# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 6 October 2023 ၁၁၂၄၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်


၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ဟိုပုံးမြို့နယ်ရှိ လှပသော မာရီဂိုးလ်ပန်းခင်းကြီးသို့ ခရီးသွားပြည်သူများ လာရောက်လည်ပတ်နိုင်

**ဟိုပုံး အောက်တိုဘာ ၅**

လူမှုကွန်ရက်စာမျက်နှာတွင် အဝါရောင်နေ့ရက်များဟု တင်စားပြောစမှတ်ပြုကြသည့် မာရီဂိုးလ်ပန်းခင်းကြီးကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ယခုနှစ်မှ စတင်စမ်းသပ်စိုက်ပျိုးခဲ့ရာ ခရီးသွားများအား ဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

မာရီဂိုးလ်ပန်းခင်းကြီးရှိရာ ဟိုပုံးမြို့နယ်ရှိ ဧက ၂၀ စမ်းသပ်စိုက်ခင်းတွင် စိုက်ခင်းအလယ်၌ အပန်းဖြေရန် တဲအိမ်အလှ ပြုလုပ်ထားပေးခြင်း၊ မြင်းစီး၍ အလှပုံရိုက်ကူးလိုသူများအတွက် မြင်းငှားရမ်းပေးခြင်း၊ ပန်းခြင်းပြုလုပ်ပေးခြင်း၊ ပန်းကုံးအလှပြုလုပ်ပေးခြင်း၊ ပအိုဝ်းရိုးရာဝတ်စုံ ငှားရမ်းပေးခြင်းတို့ဖြင့် ခရီးသွားပြည်သူများ စိတ်တိုင်းကျ ပုံဖော်ရိုက်ကူးနိုင်ရန် ဆောင်ရွက်ပေးထားသည်။

မာရီဂိုးလ်ပန်းကို ဧပြီလသကြၤန်ပြီးကာလတွင် စတင်ပျိုးထောင်ပြီး ပျိုးပင်သက်တမ်းတစ်လဝန်းကျင်ရှိသောအချိန်တွင် ပြောင်းရွှေ့စိုက်ပျိုးရသည်။ စတင်စိုက်ပျိုးပြီး နှစ်လအကြာတွင် ပန်းပင်လယ်ဟုတင်စားရလောက်အောင် ပန်းများလှိုင်လှိုင် ဖူးပွင့်သည်။ ထပ်တစ်ရာပန်း၊ ဒေပါလီ၊ ရွှေတာဆုပ် စသည်ဖြင့် ဒေသအလိုက် အမည်အမျိုးမျိုးခေါ်ဝေါ်ကြသည်။ ထိုပန်းများစတင်ဖူးပွင့်ချိန်မှစ၍ ဟိုပုံးမြို့နှင့် **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❖

## ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၄၃၉၄ ဧက စိုက်ပျိုးပြီးစီး



**ဘုတလင် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၄၃၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေက ပြောသည်။

**လျှာထားချက်ထက်ကျော်လွန်**

ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၂၈၇၇ ဧကကို ဇွန်လပထမပတ်မှစတင်၍ လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားချက်ထက်ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဘုတလင်မြို့နယ်မှာ မိုးစပါး ၃၂၈၇၇ ဧကကို လျာထားစိုက်ပျိုးခဲ့ရာမှာ လျာထားချက်ထက်ကျော်လွန်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ အကူအညီတွေနဲ့ နည်းပညာတွေကိုဆောင်ရွက်ပေးခဲ့တယ်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ○


**ယနေ့ ဖတ်စရာ**

**ငြိမ်းချမ်းရေးတံခါး ဆက်ပြီးဖွင့်ထားဆဲပါ**

ဆောင်းပါး စာမျက်နှာ » ၆

**အာဆီယံမဏ္ဍိုင်(၃)ရပ်၏ ဝန်ကြီးဌာနများအကြား အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်(၂၀၄၅)စာတမ်း၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၁၃





# ပညာပြည့်ဝနှုလုံးလှ တန်ဖိုးထားမြတ်ဆရာ

ဆရာဟူသည် အနန္တငါးပါးဂိုဏ်းဝင်ကျေးဇူးရှင်ဖြစ်သည်။ "ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ"ဟူသည့် ငါးပါးသော ကြီးမြတ်သည့်ပုဂ္ဂိုလ်များတွင် အပါအဝင်ဖြစ်သည်။ ဆရာဟူသည် အသိပညာ၊ အတတ်ပညာများ ပေးဝေသည့် ပုဂ္ဂိုလ်များဖြစ်ပြီး သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူသော တိုက်ရိုက်မထိတွေ့သည့် ပုဂ္ဂိုလ်များကိုပင် ကျေးဇူးရှင်ဆရာဖြစ်သည်ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် ဆရာဟူသမျှကို ရိုသေလေးစားကြ၍ ဆည်းကပ်ကိုးကွယ်အပ်သည်။ ဆရာဟူသမျှကို စိတ်ဝယ်မျှပင် ပြစ်မှားကျူးလွန်ခြင်းအမှုတို့ကို မပြုအပ်ပေ။

ဆရာဟူသမျှတို့၏ ဂုဏ်ကျေးဇူးများမှာ ကြီးမားလှသဖြင့် ကမ္ဘာတစ်ဝန်းလုံးမှ ဆရာများ၏ မြင့်မြတ်သောဂုဏ်ကို ချီးကျူးအလေးအမြတ်ပြုသည့် ကျက်သရေမင်္ဂလာရှိမှုကို အထွတ်တင်ပြီး အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့သည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(ILO)နှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)တို့က ဆရာများ၏ အဆင့်အတန်းနှင့်ပတ်သက်သည့် ထောက်ခံချက်ကို လက်မှတ်ရေးထိုးခဲ့သော ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကို အကြောင်းပြု၍ ၁၉၉၄ ခုနှစ်မှ စတင်ကာ နှစ်စဉ်အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် ဘာသာတရားနှင့်ယဉ်ကျေးမှုအစဉ်အလာ မြင့်မားသောနိုင်ငံဖြစ်သည်။ ဘာသာတရားနှင့်ယဉ်ကျေးမှု သွန်သင်မှုအရလည်းကောင်း၊ ဆရာများ၏ ကြီးမားသောဂုဏ်ပုဒ်အရလည်းကောင်း ဆည်းကပ်ထိုက်သူ၊ ရိုသေထိုက်သူများအဖြစ် အထူးသတ်မှတ်ထားသည်။ ဆရာ့ကျေးဇူးကို အထူးသိမြင်ပြီး ပူဇော်ဦးခိုက်ကြသည့် ထုံးတမ်းစဉ်လာမှာ ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့ထက်တိုင်အောင် တည်တံ့ခိုင်မြဲလျက်ရှိသည်။ မြန်မာတို့သည် ပညာကို အထူးလိုလားသော ဓလေ့စရိုက်စွဲမြဲသည့်အပြင် ကျေးဇူးတရားကို ဦးထိပ်ပန်ဆင်လျက် အထူးသိတတ်တုံ့ပြန်ပေးဆပ်လာခဲ့ကြသည်။

လူမှုရေးကျင့်ဝတ်များတွင် အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာဟူသည့် ဆရာ့ကျင့်ဝတ်ငါးပါးနှင့်အညီ ကျင့်ကြံအားထုတ်သူများဖြစ်သည်။ ဆရာဟူသည် အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးရုံတင်မက သိသင့်သမျှ အတတ်ပညာများကို သင်ကြားပေးရခြင်း၊ ဆုံးမသြဝါဒပေး၍ ပြုပြင်ပေးရခြင်း၊ မိမိတတ်သမျှ အကုန်သင်ပေးရခြင်း၊ တပည့်များ ဘေးအန္တရာယ်မဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်ပေးရခြင်း၊ မိမိထက် ကျေးဇူးပြုနိုင်မည့် အထူးသင်ကြားပေးနိုင်မည့် ဆရာများထံသို့ အပ်နှံပေးရခြင်းတို့ကိုလည်း ပြုလုပ်ပေးကြသူများဖြစ်သည်။

ယနေ့ခေတ်ကာလတွင် နိုင်ငံများ၏ အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ပညာအပေါ်တွင် တည်မှီနေသည်ကို အားလုံးလက်ခံလာကြသည်။ ပညာဖြင့် လူ့အသိုက်အဝန်းကိုတည်ဆောက်၊ ပညာဖြင့် နိုင်ငံကို တည်ဆောက်လာကြသည်။ ပညာကို တန်ဖိုးထားမြှင့်တင်သည့်နိုင်ငံသည် တိုးတက်ထွန်းကားလာသည်ကိုတွေ့ရမည်ဖြစ်သည်။ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်လူ့ဘောင်ကို တည်ထောင်ရာ၌ ထူးချွန်ထက်မြက်ပြီး ပညာတတ်မြောက်သော ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်လူရွယ်များစွာ လိုအပ်လျက်ရှိသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များကို ပြုစုပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည်။

ဆရာများသည် တပည့်များအား ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်ပြည့်စုံလာစေရန် သင်ကြားပြသပေးရသူများဖြစ်သည်။ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်ရှိသူများ၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်လာစေရန် လမ်းမှန်ညွှန်ပြသင်ပြလျက်ရှိသည်။ ယင်းအလေ့အကျင့်ကောင်းများကို ပျိုးထောင်၍ ဆန်းစစ်ဝေဖန်တတ်စေရန်၊ ပြဿနာများ ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ်တတ်စေရန်၊ တီထွင်ဖန်တီးတတ်စေရန် လမ်းညွှန်လေ့ကျင့်ပေးလျက်ရှိသည့်အပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ထက်သန်လာစေရန် ပျိုးထောင်ပေးလျက်ရှိသည်။

သို့သော် ကမ္ဘာ့ယဉ်ကျေးမှုရေစီးကြောင်း ပြောင်းလဲလာမှုလမ်းကြောင်းတွင် စီးမျောလိုက်ပါလာမှုများနှင့် မြန်မာတို့၏ဘာသာတရားနှင့်အစဉ်အလာ ယဉ်ကျေးမှုကို ဖျက်ဆီးသူတို့ကြောင့် လူငယ်လူရွယ်တို့ကြားတွင် ဆရာအပေါ်တန်ဖိုးမထားမှု၊ အဆိုးရွားဆုံးအားဖြင့် ဆရာကာပြန်၊ ကျေးဇူးခြေဖျက်မှုများနှင့် ပြစ်မှားသောအမှုများ ကျူးလွန်မှုများရှိလာသည်။ ထို့ကြောင့် ကျောင်းနေအရွယ် ကလေးသူငယ်များဘဝမှစ၍ ဆရာ့ကျေးဇူး၊ ပညာကျေးဇူး အထူးသိတတ်သူများဖြစ်လာအောင် ပြန်လည်ပျိုးထောင်ပေးလျက်ရှိရာ တပည့်များအား ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်လာအောင် ပျိုးထောင်ပေးမည့် ဆရာကောင်း၊ ဆရာမြတ်များလိုအပ်လာသည်။

သို့ဖြစ်ရာ ပညာကိုတန်ဖိုးထားသော ခေတ်ကာလ၌ ဆရာ့ကျေးဇူးကို အထူးသိမြင်သည့် ဗလငါးတန်နှင့်ပြည့်စုံသော တပည့်ကောင်းများ ပေါ်ထွန်းလာစေရန်၊ ပြုစုပျိုးထောင်ပေးကြရန်နှင့် ဆရာများကို ရိုသေလေးစားတန်ဖိုးထားတတ်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# မွန်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



ကျိုက်မရော အောက်တိုဘာ ၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ ဆွမ်း၊ ကွမ်း အဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး လှူဒါန်းလျက်ရှိရာ ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေစီနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ကျိုက်မရောမြို့ အောင်သုခရပ်ကွက်ရှိ ရတနာဘုမ္မိတပ်ဦးကျောင်းတိုက်ဆရာတော်ထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၅

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၅ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၁၃၆ | ၁,၂၀၇,၆၀၀ |
| MTSH | ၃,၀၀၀ | ၂,၉၅၀ | ၂,၅၀၅ | ၇,၄၄၆,၈၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၄၁ | ၆၉,၇၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၁၀ | ၂၄,၀၀၀ |
| EFR | ၂,၂၀၀ | ၂,၁၀၀ | ၆၅၁ | ၁,၃၈၇,၂၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၃၀၀ | ၁,၄၄၀,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၈၅၀ | ၅၉၃ | ၁,၀၄၁,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်





နေပြည်တော် အောက်တိုဘာ ၅

ရော်ဘာကဏ္ဍရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၀) စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံရေရှည်တည်တံ့သော သဘာဝရော်ဘာအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ရန်ကုန်တာယာစက်ရုံတို့မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး MSME Agency နာယကများဖြစ်ကြသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ Agency ဥက္ကဋ္ဌများက Virtual စနစ်ဖြင့် သတ်မှတ်နေရာအသီးသီးမှ ပါဝင်တက်ရောက်ကြသည်။

## ပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် MSME များ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပြည်ပပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အားပေးလျက်ရှိပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့ရော်ဘာကုန်ကြမ်းများကို နိုင်ငံတကာဈေးကွက်ရရှိရေးအတွက် မြန်မာ့ရော်ဘာအရည်အသွေးစံသတ်မှတ်ချက် စနစ်တကျပေါ်ပေါက်၍ အာမခံချက်ရှိသည့် ရော်ဘာတင်ပို့နိုင်ရေးရှိမှသာ မြန်မာ့ရော်ဘာသည် ကမ္ဘာ့ပေါက်ဈေးအတိုင်း ဈေးနှုန်းများရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆင့်မီ ရော်ဘာစက်ရုံများရှိမှသာ အရည်အသွေးမီရော်ဘာများ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်တွင်လည်း မျက်နှာပန်းလှ၍ ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ အဆင့်မီရော်ဘာစက်ရုံများ ပေါ်ပေါက်လာရေးအတွက် ဌာနဆိုင်ရာများက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေါင်းစပ်ညှိနှိုင်း ကူညီပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ရော်ဘာစိုက်တောင်သူများ၊ ရော်ဘာအသင်းအဖွဲ့များ၊ ပညာရှင်များမှ မြန်မာ့ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရော်ဘာစိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးနိုင်ရေးအတွက် မြေနေရာရရှိရေး၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ ရေရရှိရေးတို့အတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း၊ ရော်ဘာအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များဖြင့် သွင်းအားစုများ အပြည့်အဝထည့်သွင်း၍ စိုက်ပျိုးရေးနည်းစနစ် မှန်ကန်စွာ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ထွက်ရှိသည့် ရော်ဘာများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ပြောင်းလဲ၍ပြည်တွင်းစက်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားရန်နှင့် ပြည်ပသို့တင်ပို့ရာတွင်လည်း နိုင်ငံတော်မှထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

## ပူးပေါင်းဆွေးနွေးအဖြေရှာ

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နောင်လာမည့်အနာဂတ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေမည့် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာဈေးကွက်အတွင်း ဈေးကွက် ရှားပါးမှု၊ ဈေးနှိမ်ခံရမှု စသည့် ပုံရိပ်များမှ လွတ်မြောက်ပြီး ကောင်းမွန်သောအရည်အသွေး၊ အာမခံချက်များနှင့် ထိုက်သင့်သည့် ဈေးနှုန်းများ ရရှိနိုင်ရန်အတွက် ရော်ဘာစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများတွင် ပါဝင်သည့် MSME ရော်ဘာလုပ်ငန်းများ၊ အသင်းအဖွဲ့များ၊ နိုင်ငံပိုင် ရော်ဘာလုပ်ငန်းများမှ တာဝန်ရှိသူများ၊ ဆက်စပ်ဦးစီးဌာနများ၊ ပညာရှင်များက အတူတကွ ပူးပေါင်းဆွေးနွေးအဖြေရှာပြီး ဟန်ချက်ညီညီ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနာယကများဖြစ်ကြသည့် ဝန်ကြီးချုပ်များက ပြည်နယ်/တိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးထားရှိမှုနှင့် ထွက်ရှိမှုအခြေအနေ၊ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံရေရှည်တည်တံ့သော သဘာဝရော်ဘာအသင်း၊ ရန်ကုန်တာယာစက်ရုံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ National Enlightenment Institute နှင့် အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်းတို့မှ တာဝန်ရှိသူများက မြန်မာ့ရော်ဘာများအား စံချိန်စံညွှန်း သတ်မှတ်ရေး၊ ရော်ဘာဈေးကွက်အခြေအနေ၊ လက်ရှိရော်ဘာခြံများ၏ ရော်ဘာစိုက်ပျိုးမှု၊ ရော်ဘာထွက်ရှိမှုအခြေအနေ၊ ရော်ဘာစေးထုတ်ယူနိုင်မှုအခြေအနေ၊ မြန်မာ့ရော်ဘာဈေးကွက်ဒိုင်ကြီးတစ်ခု ပေါ်ပေါက်လာစေရေးဆောင်ရွက်နိုင်မှုအခြေအနေ၊ အစိုးရ၊ ပုဂ္ဂလိကများအနေဖြင့်ဆောင်ရွက်ပေးနိုင်မှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး အရည်အသွေးစစ်ဆေးခြင်းနှင့် အကြိုကြွင်းဆင်း၍ ဖြစ်တန်စွမ်းလေ့လာခြင်းဆိုင်ရာ အသိပညာနှီးနှောဖလှယ်ဆွေးနွေးပွဲ တက်ရောက်



နေပြည်တော် အောက်တိုဘာ ၅

အရည်အသွေးစစ်ဆေးခြင်းနှင့် အကြိုကြွင်းဆင်း၍ ဖြစ်တန်စွမ်းလေ့လာခြင်းဆိုင်ရာ အသိပညာနှီးနှောဖလှယ်ဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ် (၃၆)၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ပြီးပြည့်စုံစွာ ဆောင်ရွက်ထားရန်လို

ဦးစွာ ဒုတိယဝန်ကြီးက ပြည်သူများအတွက် ဆောင်ရွက်ပေးနေသည့် အကျိုးပြုလုပ်ငန်းများသည် အရည်အသွေးပိုင်းဆိုင်ရာ အာမခံချက်ရှိရေး အလွန်အရေးကြီးပြီး ဒေသ၏မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိစေရေး၊ ပြည့်စုံမှန်ကန်မှုရှိစေရေး၊ အမှန်တကယ်အကျိုးရှိ ထိရောက်မှုဖြစ်စေရေးတို့အတွက် အကြိုကြွင်းဆင်းကာ ဖြစ်တန်စွမ်းလေ့လာမှုကို ပြီးပြည့်စုံစွာ ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ဦးစီးဌာနတစ်ခုချင်းအလိုက် အားနည်းချက်၊ အားသာချက်၊ တွေ့ရှိသုံးသပ်အကြံပြုချက်များ ကွဲပြားနိုင်ပြီး Knowledge Sharing လုပ်ပေးခြင်းဖြင့် အားသာချက်များ ပေါင်းစည်း၍ အားနည်းချက်များ လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများ မြေပြင်လိုအပ်ချက်နှင့် ကိုက်ညီသော ဒီဇိုင်းရရှိရေး အကြိုကြွင်းဆင်းစစ်ဆေးခြင်းအပိုင်းသည် အရေးကြီးပြီး သတ်မှတ်ဒီဇိုင်းအတိုင်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်နိုင်ရေး အရည်အသွေးစစ်ဆေးခြင်းအပိုင်းသည်လည်း အရေးကြီးသဖြင့် အဆိုပါလုပ်ငန်း နှစ်ခုလုံးကို စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူအကျိုးပြုလုပ်ငန်းများကို အကျိုးရှိထိရောက်စွာဖြင့် အရည်အသွေး ပြည့်ဝရေးအတွက် ဌာနအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများအား QC နှင့် FS ပိုင်းဆိုင်ရာများကို အလေးထားဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

## ရှင်းလင်းဆွေးနွေး

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် နည်းပညာပိုင်းဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်အောင်က ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအတွက် Quality Control ပိုင်းဆိုင်ရာများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မီမီထွေးက ကျေးလက်အခြေခံအဆောက်အအုံများအတွက် အကြိုကြွင်းဆင်းဆောင်ရွက်ခြင်းနှင့် အကာအကွယ်ဆိုင်ရာ စစ်ဆေးခြင်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး အသိပညာများ မျှဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီ တွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာ မှူထန်နှင့် ဒေါက်တာ ဘရှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ ဆရာမများ၊ ပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။**(ယာအောက်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာ ကြည်ရွှင်က ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းသန်းမြင့်က ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များ အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှူထန် ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေ ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှူထန်နှင့် ဒေါက်တာဘရှေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့က ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဒေါက်တာသက်ခိုင်ဝင်းတို့က ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ထူးချွန်ဆရာ ဆရာမများကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ကြသည်။

ယင်းနောက် မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက "ခွင့်လွှတ်ပါဆရာ" သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ကြသည်။

**ချီးမြှင့်**

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးနှင့်အထက် အရာထမ်းများအဆင့် ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်း အဆင့်သင် ဆရာ ဆရာမများအဆင့် ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်သင် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်/ ဒီဂရီကောလိပ်/ သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ၊ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲနှင့် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့မှ ဆုရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ကြသည်။

**ဂုဏ်ပြုဆုငွေများချီးမြှင့်**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် တေးသီချင်း၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေခဲ့ကြသည့် နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် မိတ္ထီလာ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ရက္ခဗေဒဌာနမှ အငြိမ်းစား ဆရာကြီး ဆရာမကြီး ၁၂ ဦး၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာ မြင့်ဆွေနှင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာကြီးဒေါက်တာ မောင်ကျော်တို့အား ဂါရဝပြုကန်တော့ပြီး ဆရာကြီး ဆရာမကြီးများကိုယ်စား ဟသ်ာတ တက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း)/ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဝင် ဒေါက်တာ ဦးဝင်းနှင့် ပဲခူးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး (ငြိမ်း) ဦးခင်မောင်စိန်တို့က သြဝါဒစကားများ ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို "ပညာရေးကို မြှင့်တင်ဖို့ ဆရာအင်အားဖြည့်ဆည်းစို့" "The Teachers we need for the education we want: The global imperative to reverse the teacher shortage" ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






## ရွှေပြည်သာမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ကျင်းပ




**ရွှေပြည်သာ အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

**ဖတ်ကြား**

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက ဖတ်ကြားပြီး မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးအောင်မျိုးဆန်းက ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ယင်းနောက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆရာကြီး ဆရာမကြီး ၈၁ ဦးအား ကန်တော့ခံပစ္စည်းများကို တစ်ဦးချင်းစီ ပေးအပ်ဂါရဝပြုကြသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများက ရိုသေစွာ ရှိခိုးပူဇော်ကန်တော့ကြကာ ကန်တော့ခံဆရာကြီးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ကျောင်းအသီးသီးတွင် ပညာသင်ကြားခဲ့သော ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းနှင့် နောင်တရားမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**ပင်လောင်း အောက်တိုဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသပင်လောင်းမြို့နယ် ဘက်စုံသုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။




တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်က ရည်မှန်းချက် (၅) ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်သူပြည်သားများက ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဒေသများရှိဒေသခံပြည်သူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို သိရှိပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး လာရောက် တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပင်လောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်က ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များက လိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ် အမှာစကားပြောကြား၍ ပင်လောင်းမြို့နယ် ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ချီးမြှင့်ငွေများ ပေးအပ်ရာ ပင်လောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက လက်ခံရယူကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြသိန်းတန်စာသင်တိုက် ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တမင်္ဂလအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် နောင်တရားသဘာဝမြေဩဇာစက်ရုံနှင့် အာလူးအအေးခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး နောင်တရားမြို့ ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဘဒ္ဒန္တဂန္ဓာမာ ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နှင့်အဖွဲ့သည် နောင်တရား ပရိယတ္တိစာသင်တိုက်၌ နောင်တရားမြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဒေသလိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် ပြည်သူများ၏ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ် အမှာစကားပြောကြား၍ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များကို ချီးမြှင့်ငွေများ ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စာပေယဉ်ကျေးမှုအဖွဲ့ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် တီကျစ်မြို့ ဆည်ခေါင်းရွာရှိ စိုက်ပျိုးရေးစံပြစိုက်ခင်းကို သွားရောက်ကြည့်ရှုပြီး တောင်သူများအား နေကြာမျိုးစေ့နှင့် သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကဏ္ဍဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် အသင်းအဖွဲ့များ ပူးပေါင်းကြိုးပမ်း

**နေပြည်တော် အောက်တိုဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့မှဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ရေလုပ်ငန်းရှင်များအသင်းမှ ပြည်ပသို့ တင်ပို့သည့် ရေထွက်ပစ္စည်းများ၏ ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်စေရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် Border Trade အား တရုတ်ယွမ်ငွေဖြင့် ခွင့်ပြုထားခြင်းနည်းတူ Normal Trade နှင့် လေကြောင်းတင်ပို့ခြင်းတို့တွင် ငွေပေးချေခွင့်ရရှိရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မွေးမြူရေး ရေထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် GACC နှင့် ညှိနှိုင်းပေးစေလိုသည့် အချက်များ၊ အရှေ့အလယ်ပိုင်းဒေသသို့ မွေးမြူရေး ရေချိုငါး၊ ပုစွန်များ တင်ပို့နိုင်ရေးအတွက် နှစ်ဖက်သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးနှင့် လုပ်ထုံးလုပ်နည်း ဥပဒေစည်းမျဉ်းများနှင့် အညီ လိုက်နာဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိရစ္ဆာန်ဆေးပညာရပ်နှင့် မွေးမြူရေးပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက စားရေရိက္ခာ ဖူလုံစေရေးနှင့် အာဟာရပြည့်ဝရေးအတွက် အရေးပါသော မွေးမြူရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ဘက်စုံထောင့်စုံမှ အားပေးဆောင်ရွက်လျက်ရှိရာ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာ၌ တိကျမှန်ကန်သော တိရစ္ဆာန်ကောင်ရေ စာရင်းဇယားများ အသုံးပြုရန် လိုအပ်ကြောင်း၊ ယခုအခါ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် စီမံချက်ရေးဆွဲထားရှိပြီး ဗဟိုကော်မတီကိုလည်းဖွဲ့စည်းပြီးဖြစ်ရာ ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ကောက်ယူနိုင်ရန် ကော်မတီဝင်များအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သော အကြံပြုချက်များ ဆွေးနွေးညှိနှိုင်းသွားရန် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက ပထမအကြိမ် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ပြီးစီးမှု၊ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြပြီး ဦးစားပေး လုပ်ငန်းရပ်များကို အဆိုပြုတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေး တင်ပြကြပြီး အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးတံခါး ဆက်ပြီးဖွင့်ထားဆဲပါ

**မိုးမြင့်**

မြန်မာနိုင်ငံတစ်နံတစ်လျား ပြည်သူအားလုံး တိုင်းရင်းသားအားလုံးက စစ်မှန်သော ငြိမ်းချမ်းရေးအရသာကို တောင့်တဆဲ၊ မျှော်မှန်းဆဲဖြစ်သည်။ ယခုအချိန်တွင် အလိုချင်ဆုံးကား တည်ငြိမ်အေးချမ်းမှု၊ အဖြစ်ချင်ဆုံးကား တည်ငြိမ်သောလူမှုစီးပွားဘဝ၊ ပညာသင်ချင်ကြသည်၊ အေးချမ်းစွာနေထိုင်စီးပွားရှာလိုကြသည်သာဖြစ်သည်။ သို့သော် နိုင်ငံ၏လက်နက်ကိုင်ပြဿနာကား မပြီးသေး။ နိုင်ငံရေးအရ သဘောထားများကွဲနေဆဲ၊ တိုင်းရင်းသားအရေး မတူသောအမြင်များရှိနေဆဲ၊ ဘာသာရေးအရကွဲပြားမှုအချို့ ရှိဆဲဖြစ်သည်။ ဤသည်ပင်ယနေ့ လက်နက်ကိုင်ပဋိပက္ခများ၏ အကြောင်းရင်းခံအဖြစ် မှတ်ယူကြဆဲဖြစ်သည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်က ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးစဉ်။

## အမှန်တကယ်သတ္တိရှိ၍ ငြိမ်းချမ်းရေးကို အမှန်လိုလားလျှင်

ခေတ်အဆက်ဆက် နိုင်ငံရေးအယူဝါဒအမျိုးမျိုးကွဲခဲ့ကြ၍ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစပြီး နိုင်ငံရေးဖြေလျှော့မှုများပေးခဲ့သည်။ တစ်ပါတီစနစ်မှ ပါတီစုံ၊ ဆိုရှယ်လစ်စနစ်မှ ဒီမိုကရေစီစနစ်သို့ တပ်မတော်ခင်းပေးသည့်လမ်းအတိုင်း လျှောက်ခဲ့ကြသည် မဟုတ်ပါလား။ တိုင်းရင်းသားအရေး ကွဲလွဲမှုများမှာမူ နယ်ချဲ့တို့ထားခဲ့သည့် ဆိုးမွေတစ်ခုဖြစ်၍ ဤကွဲပြားမှုကိုလည်း လုံးဝလျစ်လျူရှုထားခြင်းမရှိပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ တတ်နိုင်သမျှ ပိုင်းခြားခွဲခြားသတ်မှတ်ထားပြီးဖြစ်သည်။ ဘာသာရေးအရလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခိုင်အမာပြဋ္ဌာန်းပြီးဖြစ်သည်။ ဤအချိန်မှာ ယင်းကဲ့သို့အချက်များကို အကြောင်းပြု၍ သဘောကွဲလွဲမှုများ ထပ်ကာထပ်ကာ ရမည်ရှာ၍ ကိုယ့်အတွက်၊ ကိုယ့်အဖွဲ့လေးတစ်ခုအတွက် အမြတ်ထုတ်မှုများ မရှိသင့်တော့၊ ရပ်သင့်ပြီဟု ယူဆပါသည်။

အချို့သော လက်နက်ကိုင်အဖွဲ့များအနေဖြင့် မိမိတို့ကိုယ်စားပြုသည်ဆိုသော တိုင်းရင်းသားများ၏ မျက်နှာနှင့် ပြည်သူများ၏ဘဝ၊ နိုင်ငံတော်နှင့် ပြည်ထောင်စုကြီး၏အကျိုးကို ပြန်ကြည့်ချိန်တန်ပြီ၊ ငဲ့ကွက်သင့်ပြီဟူ၍သာ တိုင်းရင်းသားပြည်သူအားလုံးကိုယ်စား တောင်းဆိုချင်ပါသည်။ စစ်ကိုခေါ်၍ စစ်၏အနိဋ္ဌာရုံများနှင့် ပြည်သူကို ချောက်ထဲတွန်းပို့၊ နိုင်ငံကို တစ်စစီဖြစ်အောင် လုပ်နေသည့် တိုင်းရင်းသားအမည်ခံ လက်နက်ကိုင်များ ရှိနေသေးသရွေ့ ဤနိုင်ငံကြီး ငြိမ်းချမ်းဖို့မမြင်သေးပါ။

သဘောထားကွဲမှုများ၊ အမြင်မတူမှုများကို တူအောင် နီးစပ်အောင် ကြိုးစားရမည့်အစား တပ်မတော်နှင့် ပြည်သူကို လက်နက်အားကိုးဖြင့် ကန့်လန့်တိုက်နေခြင်းမှာ ပညာဉာဏ်နည်းရာရောက်ပါသည်။ မိမိဒေသအကျိုး၊ မိမိတို့လူမျိုးအကျိုး အမှန်တကယ်လိုလားသည်ဆိုလျှင် လူသတ်လက်နက်ကိုင်ရန်မလိုပါ၊ လက်နက်ကိုင်တာချင်း တူသည်ဆို၍ တပ်မတော်နှင့် နှိုင်းယှဉ်ရန်လည်း အကြောင်းမရှိပါ။ ယနေ့တပ်မတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော ပြည်ထောင်စုတပ်မတော်၊ စစ်ရေးတာဝန်အပြင် အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ ထမ်းရွက်နေရသောတပ်မတော်ဖြစ်သည်။

နိုင်ငံတော်ကို ဖျက်ဆီးသူနှင့် နိုင်ငံတော်ကို ကာကွယ်သူ ကွာခြားလွန်းပါသည်။ တိုင်းရင်းသားအမည်ခံ လက်နက်ကိုင် ခေါင်းဆောင်များအနေဖြင့် အမှန်တကယ်သတ္တိရှိလျှင် ဒေသခံတို့၏ မဲဆန္ဒလက်နက်ကိုကိုင်၍ မိမိတို့ဒေသဖွံ့ဖြိုးမှုရလဒ်ကောင်းများ ရရှိအောင်နှင့် ပြည်ထောင်စုကြီးအကျိုးကို များစွာဖော်ဆောင်ပေး၍ ရပါသည်။ ငြိမ်းချမ်းရေးကို အမှန်လိုလားလျှင်၊ ဒီမိုကရေစီကို နှစ်သက်လျှင် ရွေးကောက်ပွဲလမ်းကြောင်းမှလွဲ၍ အခြားမရှိပါ။ နောင်လာမည့် လွှတ်တော်များမှတစ်ဆင့် မိမိတို့၏လိုလားချက်များ မိမိတို့တိုင်းရင်းသားများ၏ လိုလားချက်များကို တရားဥပဒေနှင့်အညီ တောင်းယူ၍ရပါသည်။

## နိုင်ငံကို ဖျက်သူနှင့် ကယ်သူ သဘောပေါက်ကြရန်သာ

ယခုမူ တိုင်းရင်းသားအမည်ခံ လက်နက်ကိုင်အချို့သည် လူသတ်လက်နက်များကိုင်စွဲ၍ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ကလုပ်ပေးထားသော အများပြည်သူသုံး ရထားလမ်း၊ ကားလမ်း၊ တံတားများ၊ ကျောင်းများ၊ လျှပ်စစ်တာဝါတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များ စသည့်အခြေခံအဆောက်အအုံများကို မိုင်းခွဲ၊ မီးရှို့၊ ဖောက်ခွဲဖျက်ဆီးပစ်ကြသည်။ ဘုန်းကြီးကျောင်းများနှင့် စေတီပုထိုး၊ ယဉ်ကျေးမှုနယ်မြေများတွင် ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်သည်။ ဒေသခံတိုင်းရင်းသားများ၏လူ့စွမ်းအား၊ လူမှုစီးပွားဘဝနှင့် ဘာသာရေးအရင်းအမြစ်များ ခန်းခြောက်အောင် ဖျက်ဆီးပစ်ခြင်းဖြစ်သည်။

> **လက်ရှိ သက်တမ်း (၈) နှစ်ပြည့်တော့မည်ဖြစ်သည့် NCA (Nationwide Ceasefire Agreement) သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တစ်ခုဖြစ်ပြီး ငြိမ်းချမ်းရေး မုခ်ဦးအဝင်တံခါးဝတစ်ခုလည်းဖြစ်သည်ဟု တင်စားရပါမည်။ နိုင်ငံရေးထွက်ပေါက်တစ်ခု၊ ငြိမ်းချမ်းရေးလမ်းစတစ်စအဖြစ် လက်တွေ့ကျပြီး အဓိပ္ပာယ်ပြည့်ဝသောစာချုပ်တစ်ခုဖြစ်၍ တပ်မတော်ဘက်က ဤမျှအလေးအနက်ထားနေခြင်းလည်းဖြစ်သည်။ NCA ကို အယူအဆမူဝါဒအရကော လက်တွေ့အရပါ နိုင်ငံတော်ဘက်က အလေးအနက်တန်ဖိုးထားပါသည်။ တိုင်းရင်းသားများ တောင်းဆိုနေသောဖက်ဒရယ်နှင့် ဒီမိုကရေစီအတွက်ကော တန်းတူညီမျှ အယူအဆရေးရာအတွက်ပါ NCA လောက်စိတ်ချရသည့် အနေအထားတွင်မရှိ၊ ငြိမ်းချမ်းရေးဆိုသည့် အရိပ်အယောင်လေးအတွက် NCA ကို အခြေခံသဘောတရားတစ်ခုအဖြစ် တစ်သမတ်တည်းလက်ကိုင်ထား**

ထို့အတွက် ဒေသခံတိုင်းရင်းသားများ အလွန်နစ်နာကြရသည်။ ဖွံ့ဖြိုးမှုများ နောက်ကျကုန်သည်။ ကျောင်းသားအရွယ် ကလေးသူငယ် လူမမည်များစွာ စစ်ပြေးဘဝရောက်ကြရသည်။ အရွယ်မတိုင်မီ ရောဂါဘယထူပြောပြီး မသေသင့်ဘဲ အသက်ဆုံးရှုံးကြရသူများရှိလာသည်။ ဘယ်ပြည်သူစစ်စစ်၊ ဘယ်တိုင်းရင်းသားစစ်စစ်မှ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်အတွင်း၌ တိုက်ပွဲများဖြစ်မည်ကို မလိုလားပါ။ အေးအေးချမ်းချမ်း သာသာယာယာသာ နေလိုကြသည်။ ကလေးများ၊ လူငယ်များကပညာသင်ချင်သည်။ မိဘများ၊ လူကြီးများက ကောင်းကောင်းမွန်မွန် စီးပွားရှာနေထိုင်လုပ်ကိုင်လိုကြသည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကလည်း လမ်းခင်း၊ တံတားဆောက်၊ ကျောင်းဆောက်၊ ဒေသဖွံ့ဖြိုးရေးကို အားကြိုးမာန်တက် လုပ်ပေးချင်ကြသည်။

တည်ငြိမ်မှုအပေါ် မူတည်၍ တတ်နိုင်သမျှ ဒေသဖွံ့ဖြိုးရေးကိုလုပ်ပေးသည်။ တန်းတူညီမျှဖြစ်အောင်၊ စည်းလုံးညီညွတ်မှုရှိအောင်၊ အတူတကွတိုးတက်အောင် ရှိသမျှအင်အားဖြင့် ညှိပေးသည်။ သို့သော် တည်ငြိမ်မှု၊ မတည်ငြိမ်မှုအပေါ် မူတည်၍ ဖွံ့ဖြိုးတိုးတက်မှုများ သိသိသာသာ ကွာသွားမည်သာဖြစ်သည်။ ဤကွာခြားချက်ကို မသိနားမလည်သေးသည့် အချို့လက်နက်ကိုင်များ ရှိသေးသလို အချို့လက်နက်ကိုင်များအနေဖြင့်လည်း မသိ၍မဟုတ်၊ သိသိကြီးနှင့် ကိုယ့်ဒေသကိုယ် မပျက်ပျက်အောင် ပြန်ဖျက်နေကြခြင်းမှာ အံ့ဩစရာကောင်းလှသည်။ ထို့ကြောင့်လည်း ပညာဉာဏ်နည်းသူများဟု ထောက်ပြခဲ့ခြင်းဖြစ်သည်။

အဓိကအချက်က မိမိတစ်ကိုယ်ကောင်းအတ္တဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်ဒေသခံ၊ ကိုယ့်ပြည်နယ်ကို ချနင်းနေကြခြင်းပင်ဖြစ်သည်။ နိုင်ငံရေး၊ တိုင်းရင်းသားအရေး ကြားကောင်းအောင်အော်၍ မျောက်ပြဆန်တောင်းပြနေခြင်းလည်းဖြစ်သည်။ NCA စာချုပ်အရ တပ်မတော်က ခွဲပေးထား၍ ရပ်တည်နေရသည့် နယ်မြေများရှိ တိုင်းရင်းသား လက်နက်ကိုင်များကား သူတို့အချင်းချင်း လောဘဇောတိုက်၊ သွေးခွဲ၊ နယ်လု၊ စားကျက်လုကြခြင်းဖြင့်သာ အချိန်ကုန်နေသည်ကို တွေ့ရသည်။

တပ်မတော်ကမူ တိုင်းရင်းသားလက်နက်ကိုင်များ၏ ကြိုးအရှုပ်ကို ဖြေနေရပြီး သူတို့ကမူ ပြည်ပသြဇာခံယူ၍ ငွေယူ၊ လက်နက်ဝယ်သည်၊ ထိုလက်နက်များဖြင့် ရသမျှ အကုန်ဖျက်ဆီးသည်၊ အနိုင်ကျင့်သည်၊ လူသတ်ဆက်ကြေးကောက်သည်။ ကြာသော် လက်နက်၏အရသာကို ကောင်းကောင်းသိထားပြီးဖြစ်၍ လက်နက်ကို မစွန့်လွှတ်ချင်တော့။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ဘယ်သူက တိုင်းပြည်ကို ချနင်းသူလဲ၊ ဘယ်သူက တိုင်းပြည်ကို ကယ်တင်နေသူလဲ သဘောပေါက်ကြရန်သာ ဖြစ်ပါတော့သည်။

တစ်ချိန်လုံး လက်နက်ကိုင်ခဲ့သော တိုင်းရင်းသား ခေါင်းဆောင်များအနေဖြင့် အခြေအနေအရပ်ရပ်ကို သိချိန်တန်ပြီဖြစ်၍ နိုင်ငံပျက်စီးရေးလမ်းစဉ်ကို စွန့်လွှတ်ရန် အချိန်တန်ပြီဟုသာ ဆိုချင်သည်။ လူ့သက်တမ်းတိုတိုသည် မိမိတစ်ဦးတည်းအတွက် စဉ်းစားရမည့်အချိန်မဟုတ်မူ၍ အများအတွက်၊ မိမိသားသမီးမြေးမြစ်များအတွက် တွေးခေါ်ရမည့် အရွယ်ရောက်နေပါပြီ။ ကိုယ်တိုင်လည်း နိုင်ငံခြားသားခံယူ၊ မိမိသားသမီးများကိုလည်း လက်နက်မကိုင်ခိုင်း၊ နိုင်ငံခြားကျောင်းများသို့ပို့ စာသင်ခိုင်းထားသည့်အခြေအနေနှင့် အလွန်ကွဲပြားခြားနားသော မိမိတို့တိုင်းရင်းသား လူမမည်ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် ဘာများစဉ်းစားထားကြပါသလဲ၊ ဆင်းဆင်းရဲရဲဖြစ်နေရရှာသည့် မိမိတို့ဒေသခံကလေးများအတွက် နိုင်ငံတော်က ဖွင့်ပေးထားသည့် ကျောင်းများကိုမူ မဖွင့်ခိုင်း၊ ကျောင်းများကိုပိတ်ရန်၊ စာမသင်ရန် ဆရာဆရာမများကို ခြိမ်းခြောက်၊ နိုင်ငံ့ဝန်ထမ်းများကို တာဝန်မှ စွန့်ခွာရန် ခြိမ်းခြောက်အကျပ်ကိုင်နေသည့် အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ၎င်းတို့၏ လက်နက်ကိုင်လမ်းစဉ်နှင့် ရည်မှန်းချက်များကဘာလဲ၊ မေးခွန်းထုတ်လိုသူများ ရှိနေကြပါသည်။

## NCA အပေါ် အဘယ်ကြောင့် အခိုင်အမာရပ်တည်နေရသလဲ

လက်ရှိသက်တမ်း (၈)နှစ်ပြည့်တော့မည်ဖြစ်သည့် NCA (Nationwide Ceasefire Agreement) သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တစ်ခုဖြစ်ပြီး ငြိမ်းချမ်းရေးမုခ်ဦးအဝင် တံခါးဝတစ်ခုလည်းဖြစ်သည်ဟု တင်စားရပါမည်။ ငြိမ်းချမ်းရေးရောင်ခြည်ပွင့်ထွန်းလာမည့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးအတွက် အာမခံချက်တစ်ခုအဖြစ် သတ်မှတ်ထားပြီးဖြစ်သောကြောင့် တပ်မတော်က ၎င်း NCA အပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နေခြင်းဖြစ်သည်။

စာမျက်နှာ ၇ သို့

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး (၁၂) ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ်သို့ အွန်လိုင်းဖြင့် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၅**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ်က ကြီးမှူး၍ (၁၂)ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ် (The 12th International Legal Forum of the Asia–Pacific Region)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးက နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ပါဝင်တက်ရောက်သည်။




**အဖွင့်အမှာစကား ပြောကြား**

ဖိုရမ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးက တက်ရောက်လာကြသည့် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့် အတူ အဖွင့်အမှာစကား ပြောကြားသည်။

နိုင်ငံတကာဥပဒေဖိုရမ်ကို နိုင်ငံဖြတ်ကျော် ဥပဒေရေးရာ ဆက်သွယ်မှုများနှင့် အမျိုးသား တရားမျှတမှုနှင့် လူမှုဘဝဖူလုံသည့် နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ အခွင့်အရေးများ အကာအကွယ်ပေးခြင်းနှင့် တရားရေး လက်တွေ့ကျင့်သုံးမှုတွင် အကျိုးစီးပွားများကို ချိန်ညှိခြင်း စသည့် အပိုင်း(၂)ပိုင်းဖြင့် ကျင်းပခြင်းဖြစ်သည်။

ဒုတိယပိုင်း အစီအစဉ်တွင် “မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့် တရားစီရင်ရေး၏အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်က ပါဝင်ဆွေးနွေးရာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများ၏ စီးပွားရေးလုပ်ငန်းများ၏ အခွင့်အရေးများ တိုးတက်ဖွံ့ဖြိုးစေရန် ဥပဒေမူဘောင်များ၌ အဓိကထားရှိသည့် တန်ဖိုးများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ တွင် နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရမည်ဟူ၍ အာမခံချက်ပေးထားကြောင်း၊ စီးပွားရေးလုပ်ငန်းများ၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်း၍ မြန်မာကုမ္ပဏီဥပဒေ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေ၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေစသည့် ဥပဒေများ အပါအဝင် အခြားဆက်စပ်သော ဥပဒေများလည်း ပြဋ္ဌာန်းထားကြောင်း၊ ထို့ပြင် လူမှုဖူလုံရေးဥပဒေ၊ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကဲ့သို့ လူမှုဘဝဖူလုံရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများလည်း ရှိကြောင်း၊ တရားစီရင်ရေးအနေဖြင့် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ဖန်တီးပေးရာတွင် အဓိကအခန်းမှ ပါဝင်နေကြောင်း၊ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ထိရောက်မှုရှိသည့် တရားစီရင်ရေးစနစ်မှာ မဖြစ်မနေ လိုအပ်ကြောင်း၊ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု တစ်စိတ်တစ်ဒေသအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP) နှင့် လိုက်လျောညီထွေရှိသော တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို ‘တရားမျှတမှုရရှိစေရေးအားလုံးပါဝင်ဆောင်ရွက်ပေး’ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ချမှတ်ထားရှိပြီး မှုခင်း စီမံခန့် ခွဲမှုအစီအစဉ်နှင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်များ အကောင်အထည်ဖော်ပြီး အမှုများမြန်ဆန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေအရ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ တရားစွဲဆိုခွင့်၊ တရားစွဲဆိုခံပိုင်ခွင့်များတွင် ထူးခြားသည့်ဥပဒေရေးရာ အခွင့်အရေးများပေးထားကြောင်း၊ မူဝါဒချမှတ်သူများ၊ သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရာတွင် တရားစီရင်ရေးကဏ္ဍနှင့်အတူ လက်တွဲပြီး လုပ်ကိုင်ကြရမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းဖိုရမ်သို့ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် အတူ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

---

❍ စာမျက်နှာ ၆ မှ

နိုင်ငံရေးထွက်ပေါက် တစ်ခု၊ ငြိမ်းချမ်းရေးလမ်းစ တစ်စအဖြစ် လက်တွေ့ကျပြီး အဓိပ္ပာယ်ပြည့်ဝသော စာချုပ်တစ်ခုဖြစ်၍ တပ်မတော်ဘက်က ဤမျှ အလေးအနက်ထားနေခြင်းလည်း ဖြစ်သည်။ NCA ကို အယူအဆမူဝါဒအရကော လက်တွေ့အရပါ နိုင်ငံတော်ဘက်က အလေးအနက်တန်ဖိုးထားပါသည်။ တိုင်းရင်းသားများ တောင်းဆိုနေသော ဖက်ဒရယ်နှင့် ဒီမိုကရေစီအတွက်ကော တန်းတူညီမျှ အယူအဆရေးရာအတွက်ပါ NCA လောက် စိတ်ချရသည့် အနေအထားတွင်မရှိ၊ ငြိမ်းချမ်းရေးဆိုသည့် အရိပ်အယောင်လေးအတွက် NCA ကို အခြေခံသဘောတရား တစ်ခုအဖြစ် တစ်သမတ်တည်း လက်ကိုင်ထားပါသည်။ သို့သော် NCA ကို ဖျက်ချင်သူက ဖျက်နေသည်။ ဖျက်ရန်ကြံနေသူရှိသလို မပျက်အောင် ကာကွယ်နေသူများလည်း ရှိသည်။ NCA ကို မပျက်စီးစေချင်သည့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်းရှိကြပါသည်။



KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများက ၂၀၂၃ ခုနှစ် ဩဂုတ် ၅ ရက်က ကသာမြို့နယ် မိုးတားလေးကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်မှုကြောင့် နေအိမ်တစ်လုံး ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

မပျက်စေချင်သူတို့ကား မိမိတို့ဒေသတွင် စစ်ပွဲများဖြစ်လာမည်ကို မလိုလား၊ NCA ကြောင့်သာ စည်းလွတ်ဝါးလွတ်တိုက်ပွဲများ မဖြစ်ခြင်းဖြစ်သည်ကို သဘောပေါက်သူများဖြစ်သည်။ အပစ်အခတ်နှင့် ပဋိပက္ခများနေရာတွင် ဆွေးနွေးပွဲစားပွဲဝိုင်းဖြင့် အစားထိုးခင်းကျင်းလိုသူများလည်း ဖြစ်သည်။ NCA ကြောင့် တည်ငြိမ်နေသည်များ၊ NCA ကို ဂရုမစိုက်၍ ထိခိုက်သေကျေနေရသည့်အဖြစ်များကို သူတို့သိပါသည်။ တပ်မတော်နှင့် တိုင်းရင်းသားခေါင်းဆောင်အချို့က NCA ကို တန်ဖိုးထား ဖက်တွယ်ထား၍သာ ကိုယ့်မြန်မာနိုင်ငံသား၊ တိုင်းရင်းသားအသက်များ ယခုထက်ပို၍ မဆုံးရှုံးရခြင်းဖြစ်သည်ကို နားလည်ထားသင့်ပါသည်။

တိုင်းရင်းသား အချင်းချင်းကြား အမုန်းစိတ်များ ပိုနက်ရှိုင်းမသွားအောင် NCA ကြီးကို ယခုကဲ့သို့ အလေးထားနေခြင်းလည်းဖြစ်သည်။ အဓိကအချက်က အလုံးစုံသော ငြိမ်းချမ်းရေးရရှိရန် အတွက် NCA သည် ငြိမ်းချမ်းရေး လမ်းကြောင်းအဝင်ဝ တံခါးပေါက်လေးတစ်ခုသာဖြစ်သည်ကို အားလုံးက သိရှိသဘောပေါက်ထားရန်ပင် ဖြစ်သည်။ သဘောထား မတိုက်ဆိုင်မှုများ၊ မတူညီနိုင်သော အကျိုးစီးပွားများအတွက်လည်း အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး စားပွဲဝိုင်းတွင် ဆက်လက်အဖြေရှာ၍ ရပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာ၍ လက်နက်မကိုင်ဘဲ ရလာသည့် ငြိမ်းချမ်းရေးကသာ အမှန်ကန်ဆုံးနှင့်ထာဝရ ဖြစ်ပါသည်။ အစဉ်မပြတ် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းကသာ အသင့်တော်ဆုံးနှင့် လက်တွေ့အကျဆုံးဖြစ်ပါသည်။ နောက်ဆုံးတွင် ရလာသည့် သဘောတူညီချက်များ ထွက်လာသည့် ရလဒ်များဖြင့် ငြိမ်းချမ်းရေးအဖြေတစ်ခုခုကို ရကိုရရမည်ဟု ယုံကြည်ပါသည်။

မည်သို့ပင်ဖြစ်စေ တပ်မတော်အနေဖြင့် သမိုင်းဝင်စာချုပ်တစ်ခုကို မည်သည့်အခါမျှ ပျက်ပြယ်ခံမည်မဟုတ်မှာသေချာပါသည်။ UN အပါအဝင် နိုင်ငံတကာအသိသက်သေနှင့် ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် EAOs များက စိတ်တူကိုယ်တူပါဝင်လက်မှတ်ရေးထိုးထားသော သဘောတူစာချုပ်ကြီးဖြစ်၍ ယခုကဲ့သို့ (၈) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို လက်တွေ့ကျကျ အနှစ်သာရရှိရှိ အလေးအနက်ထား ကျင်းပသွားမည်ဟု သိရသည့်အခါ ထိုအချက်အပေါ် သက်ဆိုင်သူအားလုံးက နိုင်ငံချစ်စိတ်ဖြင့် အလေးအနက်ထား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်သာ အဓိကကျပါသည်။

ဆွေးနွေးညှိနှိုင်း၍ ရလာမည့် နိုင်ငံရေးထွက်ပေါက်တစ်ခုကို ဖွင့်ပေးပြီးဖြစ်ရာ ဤလမ်းကြောင်းအတိုင်း ငြိမ်းငြိမ်းချမ်းချမ်း လျှောက်လှမ်းရန်သာရှိပါသည်။ ပူးပေါင်းဆောင်ရွက်ကြရန် အချိန်တန်ပြီဖြစ်၍ မိမိတို့နယ်မြေအလိုက် တည်ငြိမ်အေးချမ်းရေးမှာ မိမိတို့တွင် တာဝန်အရှိဆုံးဖြစ်သည်ဆိုသော အချက်ကို အလေးအနက်ခံယူကြရန်ပင်ဖြစ်သည်။ ငြိမ်းချမ်းသည့်ခေတ်များ၊ နှစ်များ အင်မတန်နည်းခဲ့ရသည့် မြန်မာပြည်ကြီးမှာ သေနတ်သံ၊ ဗုံးသံများကို မည်သူမျှ ဆက်ပြီးကြားချင်တော့မည်မဟုတ်ပါ၊ ကျွန်တော်တို့နိုင်ငံတွင် ယုတ်စွအဆုံး အများကြိုက်သည့် ဒီမိုကရေစီခေတ်မှာပင် ငြိမ်းချမ်းခဲ့သည် မဟုတ်ပါဘူး။ သို့ပေမဲ့ သမိုင်းပေးတာဝန်အရ ငြိမ်းချမ်းရေးတံခါးကို ဖွင့်မည့်သူကတော့ ဆက်ပြီးဖွင့်ပေးထားဦးမှာပါပဲ။ ။

---

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၅

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အေလာ၌ ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေးခြင်းအခမ်းအနား တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ နွားနို့တိုက်ကျွေးရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အေလာ၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**မရှိမဖြစ်လိုအပ်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် နေ့စဉ်စားသုံးသည့် အစားအစာများက အရေးကြီးကြောင်း၊ နွားနို့သည် ကျန်းမာဖွံ့ဖြိုးရန် မရှိမဖြစ်လိုအပ်သည့် အာဟာရတစ်ခုဖြစ်ကြောင်း၊ သန့်ရှင်းလတ်ဆတ်သည့် နွားနို့သောက်သုံးခြင်း၊ သားငါးများ စားသုံးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသများတွင် မွေးမြူရေး တိုးတက်ဖွံ့ဖြိုးရန်အတွက် လိုအပ်သည့် တိရစ္ဆာန်မျိုးကောင်းများ ရရှိမွေးမြူလာစေရေး၊ ကောင်းမွန်သည့် မွေးမြူရေးစနစ်ကျင့်သုံးလာစေရေး နည်းပညာများ၊ တိရစ္ဆာန်အစာများ၊ ရောဂါကာကွယ် ထိန်းချုပ်သည့် နည်းလမ်းများကို ပညာပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တက်တက်ကြွကြွဆောင်ရွက်နိုင်ရေးအတွက် ပညာအရည်အချင်း ရှိသည့် ဒေသခံလူငယ်များရှိရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ဗလငါးတန် ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးအတွက် အားလုံးကဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက နွားနို့တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးကြာညိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အခြေခံပညာ အထက်တန်းကျောင်း အေလာ Grade-4 မှ ကျောင်းသား ကျောင်းသူများက (၃၈)ဖြာ မင်္ဂလာတေးသီချင်းဖြင့် လည်းကောင်း၊ Grade-10 မှ ကျောင်းသား ကျောင်းသူများက ဓာတ်မာန် တေးသီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများကို နွားနို့နှင့် ကြက်ဥ အာဟာရများ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Web Design and Management for Digital Museum

## ရေးသားနည်းသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၅**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက Digital Museum စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာ ပြီးမြောက်နိုင်ရေးနှင့် ဝန်ထမ်းများ၏ Digital နည်းပညာဆိုင်ရာ အသုံးချမှု အရည်အသွေးမြင့်မားလာစေရန် ရည်ရွယ်၍ Web Design and Management for Digital Museum ရေးသားနည်း အလယ်အလတ်အဆင့် သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားပြတိုက်(နေပြည်တော်)၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် အမျိုးသားပြတိုက်၊ ရှေးဟောင်းသုတေသနပြတိုက်၊ အထိမ်းအမှတ်ပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်ဟူ၍ ပြတိုက်အမျိုးအစား(၅)မျိုးရှိပြီး ပြတိုက်စုစုပေါင်း ၃၂ ခုရှိကြောင်း၊ ၎င်းပြတိုက်များအနက် အမျိုးသားပြတိုက်(နေပြည်တော်)၊ အမျိုးသားပြတိုက်(ရန်ကုန်)၊ မန္တလေးမြနန်းစံကျော် ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက်၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ ပဲခူးဟံသာဝတီ ရှေးဟောင်းသုတေသနပြတိုက်၊ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်တို့၏ Website ရေးဆွဲခြင်း ဆောင်ရွက်ပြီးစီးသည့်အခါ ကျန်ရှိသော ပြတိုက်များကိုလည်း တစ်ဆင့်ချင်း ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ Website ရေးဆွဲပြီးသည့် အခါတွင်လည်း သက်ဆိုင်ရာ ပြတိုက်များတွင် Online Server၊ Offline Server များ ထားရှိ၍ Touch Screen များဖြင့် ပြသထားရှိပြီး QR Code များထားရှိ၍ အများပြည်သူ လွယ်ကူစွာလေ့လာနိုင်ရေး ဆောင်ရွက်ထားရန်လိုကြောင်း။

Online Server ဖြစ်သော ဌာန၏ Website နှင့်လည်း ချိတ်ဆက်၍ ပြတိုက်များကို မိမိရောက်ရှိရာနေရာတွင် လေ့လာကြည့်ရှုနိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်း ဧည့်သည်များသာမက နိုင်ငံတကာမှ စိတ်ဝင်စားသူများက မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ အကြောင်းကို လေ့လာသိရှိနိုင်စေရေးအတွက် Digital Museum ကို အမြန်ဆုံး ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်က သင်တန်းသား သင်တန်းသူများကို နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး သင်တန်းနည်းပြတစ်ဦးက သင်တန်း၌ ပို့ချမည့် အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းဖွင့်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ **ဘုတလင်မှ**

မိုးစပါးတွေ လျာထားချက်ပြည့်မီစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်အထိ ကြိုတင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ မိုးစပါးတွေအားလုံး ရာနှုန်းပြည့်ကျော်လွန်စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးတွေလည်း တစ်ဧက ပျမ်းမျှတင်း ၁၀၀ ကျော်အထိ ထွက်ရှိအောင် ပြင်ဆင်စိုက်ပျိုးထားပါတယ်”ဟု ဦးဖြိုးဝေက ပြောသည်။

ဘုတလင်မြို့နယ်၌ မိုးစပါးဧက ၃၂၈၇၇ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ မျိုးကွဲစပါးများအဖြစ် ရေမင်း ၁၆၅၈၂ ဧက၊ ရွှေသွယ်ရင် ၇၆၁၂ ဧက၊ မနောသုခ ဧက ၆၉၉၀၊ ဆင်းသုခ ဧက ၃၂၁၀ စုစုပေါင်း မိုးစပါး ၃၄၃၉၄ ဧက (၁၀၄ ဒသမ ၇၅ ရာခိုင်နှုန်း) စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးစပါး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုး ထုတ်လုပ်နိုင်ရန်၊ စပါးမျိုးစေ့အသုံးပြုမှုမှန်ကန်စေရန်၊ ဓာတ်မြေသြဇာ စနစ်တကျ အသုံးပြုတတ်စေရန်၊ ဓာတ်မြေသြဇာ အစားထိုးသစ်စိမ်းမြေသြဇာများ အသုံးပြုစိုက်ပျိုးနိုင်ရန် စသည့်နည်းစနစ်များကို လယ်မြေများအထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❖ **ရှေ့ဖုံးမှ**

အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ၊ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်အပန်းဖြေခြင်း၊ အလှဓာတ်ပုံရိုက်ကူးခြင်းများဖြင့် စိတ်နှလုံးကြည်နူးမှုကိုပေးနိုင်သည့် ဈေးကွက်ဝင်ပန်းအလှတစ်မျိုး ဖြစ်သည်။

**ပန်းခင်းတစ်ဧက ပိဿာ ၁၅၀ ဝန်းကျင်ထွက်**

မာရီဂိုးလ်ပန်းကို ဘိုကာရှီသဘာဝမြေသြဇာဖြင့်သာ စိုက်ပျိုးရပြီး အပင်သက်တမ်းနှစ်လကျော်တွင် ပန်းများလှိုင်လှိုင်ဖူးပွင့်သည်။ ပန်းပွင့်များကို စတင်ခူးဆွတ်ချိန်တွင် ရှစ်ရက်တစ်ကြိမ်ခူးဆွတ်ရသည်။ တစ်ကြိမ်ခူးဆွတ်လျှင် ပန်းခင်းတစ်ဧကလျှင် ပိဿာ ၁၅၀ ဝန်းကျင်ထွက်သည်။ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ နှုန်းဖြင့် စိုက်ပျိုးရေးတောင်သူများထံ လာရောက်ဝယ်ယူကြသည်။ မိုးရွာသွန်းမှုများပြားခြင်း၊ ဆောင်းရာသီတွင် နှင်းရည်စက်များကျရောက်ခြင်းများရှိလာပါက ပန်းပွင့်များတွင် ရေဝင်ရောက်မှုကိုတိုင်းတာ၍ ပန်းပွင့်အလေးချိန်ပေါ်မှ ပြန်လည်၍ အလေးချိန်နုတ်ယူသည်ဟု ပန်းစိုက်တောင်သူက ပြောသည်။

ပန်းပွင့်များကို စတင်ခူးဆွတ်ချိန်တွင် ရှစ်ရက်တစ်ကြိမ်မှ ၁၀ ရက်၊ ၎င်းမှ ၁၂ ရက်စသည်ဖြင့် ပန်းများဖူးပွင့်နိုင်မှုအပေါ် မူတည်၍ ခူးဆွတ်ရသည်။ မာရီဂိုးလ်ပန်းဝတ်ဆံအား ဆေးဖော်စပ်ရာတွင်လည်း အသုံးပြုကြောင်း သိရသည်။ မာရီဂိုးလ်ပန်းကို တရုတ်နိုင်ငံသို့တင်ပို့ရောင်းချပြီး ပန်းပွင့်ရရှိရန် အဓိကထားစိုက်ပျိုးခြင်းဖြစ်ကြောင်းနှင့် မိမိတို့ဒေသတွင် စိုက်ပျိုးမှုအများဆုံးဖြစ်သည့် အစေ့ထုတ်ပြောင်း စိုက်ပျိုးခြင်းထက် ပိုမိုအဆင်ပြေသည်ဟု ပန်းစိုက်ပျိုးတောင်သူက ဆက်လက်ပြောသည်။

အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မာရီဂိုးလ်ပန်းခင်းကြီးသည် ဟိုပုံးမြို့နယ် ပေါင်းလင်းကျေးရွာအုပ်စု တဖူးကိုင်းကျေးရွာတွင် စမ်းသပ်စိုက်ပျိုးရာ ရာသီဥတုကိုက်ညီမှုရှိသဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ရွှေဝါရောင်ပန်းပင်လယ်ကြီးဟု ရေပန်းစားလျက် လာရောက်အပန်းဖြေလည်ပတ်သူ၊ အလှဓာတ်ပုံရိုက်ကူးသူများပြားပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။


**ခင်အိအိသန်း(ပြန်/ဆက်)**

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကာဇက်စတန်နိုင်ငံရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား သွားရောက်လေ့လာကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၅**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ပထမအကြိမ် စွမ်းအင်ဖိုရမ် (First Energy forum of the Shanghai Cooperation Organization) သို့ တက်ရောက်ရန် ကာဇက်စတန်နိုင်ငံ Astana မြို့သို့ ရောက်ရှိနေသော စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့ နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Satkaliyev Almassadam နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများကို ဆွေးနွေးသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က မြန်မာနိုင်ငံတွင် ကျောက်မီးသွေးထွက်ရှိသော်လည်း ထိရောက်စွာအသုံးချနိုင်ခြင်းမရှိသေးကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိနေ၍ ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်ယူရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း၊ ကာဇက်စတန်နိုင်ငံသည် ကျောက်မီးသွေးထွက်ရှိသောနိုင်ငံဖြစ်သည့်အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို ကျောက်မီးသွေးမှထုတ်လုပ်လျက်ရှိသည်ဟု သိရှိရကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်ယူနိုင်ရေး နည်းပညာဆိုင်ရာများ၊ Human Resource (HR)ဆိုင်ရာများ၊ အထူးသဖြင့် ရေနံရှာဖွေရေးဘာသာရပ်၊ ရေနံအင်ဂျင်နီယာဘာသာရပ်၊ ရေနံဓာတုဘာသာရပ်များနှင့် သတ္တုဗေဒဘာသာရပ်များကို Academic သာမဟုတ်ဘဲ On-job Training သင်တန်းများ ကူညီပေးနိုင်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ကာဇက်စတန်နိုင်ငံ စွမ်းအင်ဝန်ကြီးက မြန်မာနိုင်ငံ၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တွင်လည်း စွမ်းအင်ဝန်ကြီးများ Bilateral အစည်းအဝေးကျင်းပရန်ရှိကြောင်း ပြန်လည်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကာဇက်စတန်နိုင်ငံရှိ Astana မြို့တော်ရှိ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် သန့်စင်သော ကျောက်မီးသွေးကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုအခြေအနေကို လေ့လာကြည့်ရှုရာ စက်ရုံတာဝန်ရှိသူများက စက်ရုံကို အကြီးစားအဆင့်မြှင့်တင်ခြင်း သုံးကြိမ်ပြုလုပ်ခဲ့ပြီး ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့နှစ်မျိုးလုံး အသုံးပြုနိုင်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်လာခဲ့ကြောင်း၊ စက်ရုံတစ်ရက်လည်ပတ်မှုအတွက် ကျောက်မီးသွေး တန်ချိန် ၄၀၀၀ သို့မဟုတ် သဘာဝဓာတ်ငွေ့ ၈၄ ကုဗပေသန်းလိုအပ်ပြီး တစ်ရက်လျှင် လျှပ်စစ်ဓာတ်အား ၅၁၀ မဂ္ဂါဝပ်ထွက်ရှိကြောင်း၊ လောင်ကျွမ်းပြီး ကျောက်မီးသွေးပြာများကို နည်းပညာအသုံးပြုပြီး အဆင့်ဆင့်သန့်စင်ကြောင်း၊ ၉၉ ရာခိုင်နှုန်းသန့်စင်ပြီး လေထုထဲသို့ လွှင့်ထုတ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် ချစ်မေတ္တာဖောင်ဒေးရှင်းမှ လှူဒါန်းသော စားရေရိက္ခာများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၅**

မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် ချစ်မေတ္တာဖောင်ဒေးရှင်းကလှူဒါန်းသော စားရေရိက္ခာများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အေးရှားဝေါလ်ကုန်သေတ္တာဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ချစ်မေတ္တာဖောင်ဒေးရှင်းမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ချစ်မေတ္တာဖောင်ဒေးရှင်းမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းထွန်းကျော်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းထံ ချစ်မေတ္တာဖောင်ဒေးရှင်း မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းထွန်းကျော်နှင့် တာဝန်ရှိသူများက မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် လှူဒါန်းသည့် စားရေရိက္ခာများကို ပေးအပ်လှူဒါန်းပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ချစ်မေတ္တာဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများသည် ကုန်သေတ္တာများအတွင်းရှိ စားရေရိက္ခာပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် ဂျပန်နိုင်ငံမှ တင်ဆောင်လာသော စားရေရိက္ခာပစ္စည်းများတွင် ဂျပန် ယန်း ၁၂၄၀၄၆၁၀ တန်ဖိုးရှိ အသင့်စားထမင်းဘူးများ၊ ငါးသေတ္တာဘူးများ၊ ခေါက်ဆွဲခြောက်များအပါအဝင် ပစ္စည်း ၂၅ မျိုးကို ကွန်တိန်နာ ငါးလုံးဖြင့် တင်ဆောင်လာခြင်းဖြစ်သည်။

ယခု ချစ်မေတ္တာဖောင်ဒေးရှင်းမှ လှူဒါန်းသည့် စားရေရိက္ခာများကိုလည်း ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအတွက် အမြန်ဆုံးပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မှော်ဘီမြို့နယ်၌ မွမ်းမံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန် မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၄ ရက်က အမောက်ဝဲစံပြကျေးရွာ၌ စီမံကိန်းအစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်း (မွမ်းမံ) သင်တန်းဆင်းပွဲကို ကျင်းပခဲ့သည်။



**ရှင်းလင်းပြောကြား**

သင်တန်းဆင်းပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက ဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း ခုနစ်ခုအား ရုံးချုပ်၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့ပြအပါအဝင် ကျေးရွာ ၁၅၅ ရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးရဲဇော်ထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ အဖွဲ့ခေါင်းဆောင်တို့က သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်းနှင့် လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးတို့ကို လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကာ သင်တန်းသားများကိုလည်း သင်တန်းမှထွက်ရှိသော ကုန်ချောပစ္စည်းများကို အမှတ်တရပေးအပ်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ကလေးဝတ် / အမျိုးသမီးဝတ် အင်္ကျီအမျိုးမျိုး၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများ စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့်အခြေအနေ


**နေပြည်တော် အောက်တိုဘာ ၅**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ကိုအိနူ”(Koinu) သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အားကောင်းသော အပူပိုင်းမုန်တိုင်း “ကိုအိနူ” (Koinu)အဖြစ်သို့ အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# နိုင်ငံဖြတ်သန်းကုန်သွယ်မှု (Transit Trade) ဖော်ဆောင်၍ ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာကုန်သွယ်မှုကို မြှင့်တင်ခြင်းဖြင့် နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည်

ဒေါက်တာအာကာ(ဆိပ်ကမ်း)





နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံအဆောက် အအုံများ ပြီးပြည့်စုံခြင်းနှင့် ကုန်ထုတ် လုပ်မှု တိုးတက်ကောင်းမွန်ခြင်းတို့ လိုအပ်သည့်အပြင် နိုင်ငံတကာကုန်သွယ် မှု၊ အထူးသဖြင့် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုတို့ကို လည်း အစဉ်တစိုက် အလေးထား အားပေးမြှင့်တင်ရန် လိုအပ်ပါသည်။ နိုင်ငံတကာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက် ခြင်းသည် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီး မြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာ အောင် ပံ့ပိုးဖြေလျှော့ပေးနိုင်မှု၊ အထူး သဖြင့် စီးပွားရေးအသိုက်အဝန်းကောင်း (Good Business Environment) နှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများ (Good Investment Opportunities) ဖန်တီးပေးနိုင်မှု၊ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်မှု၊ လမ်းပန်း ဆက်သွယ်ရေးကွန်ရက် တိုးတက် ကောင်းမွန်ပြီး ဘေးကင်းလုံခြုံမှုနှင့် နိုင်ငံ၏တည်နေရာအရ အချက်အချာကျ မှုကို ကောင်းစွာအသုံးချနိုင်မှုတို့အပေါ် များစွာတည်မှီနေပါသည်။

### ပင်လယ်ရေကြောင်းဖြင့်ကုန်သွယ်မှု

ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး (Trade Value) ၏ ၇၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ ကုန်သွယ်မှုပမာဏ (Volume in Metric Ton)၏ ၈၀ ရာခိုင်နှုန်းကို ပင်လယ် ရေကြောင်းဖြင့် ကုန်သွယ်လျက် ရှိကြောင်း ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံ (United Nations Conference on Trade and Development –UNCTAD) က နှစ်စဉ်ထုတ်ပြန်လျက်ရှိသည့် ရေကြောင်း သယ်ယူပို့ဆောင်ရေး သုံးသပ်ချက် (Review of Maritime Transport) တွင် ထည့်သွင်းဖော်ပြ ထားပါသည်။ ပင်လယ်ရေကြောင်း ဖြင့် ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ် ရေးနှင့် စီးပွားရေးတွင် အဓိကအခန်း ကဏ္ဍမှ ပါဝင်လျက်ရှိသကဲ့သို့ မြန်မာ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် လည်း အလွန်အရေးပါသည့် အခန်းကဏ္ဍ၌ ရပ်တည်လျက်ရှိပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ အရ ကိုဗစ်-၁၉ မတိုင်မီ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတကာကုန်သွယ်မှု တန်ဖိုး ၃၆ ဒသမ ၇၃ ဘီလီယံရှိသည့် အနက် ပင်လယ်ရေကြောင်းဖြင့် ၂၆ ဒသမ ၀၆ ဘီလီယံ (ရာခိုင်နှုန်းအားဖြင့် ၇၁ ရာခိုင်နှုန်း)နှင့် နယ်စပ်ကုန်သွယ်မှု တန်ဖိုး ၁၀ ဒသမ ၆၇ ဘီလီယံ(ရာခိုင်နှုန်း အားဖြင့် ၂၉ ရာခိုင်နှုန်း)ရှိခဲ့ပါသည်။ ကိုဗစ် ကာလအတွင်း နိုင်ငံတကာကုန်သွယ်မှု ကျဆင်းခဲ့သော်လည်း ကိုဗစ်အလွန် ကာလတွင် ပြန်လည်တိုးတက်လာခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံ တကာကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၃၃ ဒသမ ၉၇၂ ဘီလီယံရှိသည့် အနက် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန် ဒေါ်လာ ၂၅ ဒသမ ၃၈ ဘီလီယံ (ရာခိုင် နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်း)၊ နယ်စပ် ကုန်သွယ်မှုတန်ဖိုး ၈ ဒသမ ၆၀ ဘီလီယံ (ရာခိုင်နှုန်းအားဖြင့် ၂၅ ရာခိုင်နှုန်း)သို့




ရောက်ရှိလာခဲ့ပါသည်။ ထို့ပြင် မြန်မာ နိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးသည် ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှု (GDP) ၏ ၅၇ ရာခိုင်နှုန်းရှိကြောင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ ပျမ်းမျှ Trade/ GDP အချိုးနှင့် ရာခိုင်နှုန်းတူညီကြောင်းကို ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့်အချက် အလက်များအရ လေ့လာသိရှိရပါသည်။

### ပင်လယ်ရေကြောင်းပိုင်နက်နိုင်ငံ မြန်မာ

မြန်မာနိုင်ငံသည် စုစုပေါင်း ရေမိုင် ၁၂၆၀ ရှည်လျားသည့် ပင်လယ် ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပြီး သီးသန့် စီးပွားရေးဇုန် ၄၈၇၄၆၀ စတုရန်းကီလို မီတာ၊ ပိုင်နက်ပင်လယ် ၄၀၄၂၈ စတုရန်း ကီလိုမီတာနှင့် ဆက်စပ်ဇုန် ၄၃၄၀၁ စတုရန်းကီလိုမီတာရှိသည့် ပင်လယ် ရေကြောင်းပိုင်နက်နိုင်ငံ ဖြစ်သည့်အပြင် အာရှတိုက်ကုန်းမြေပေါ်ရှိ အရှေ့နှင့် အရှေ့တောင်အာရှ နိုင်ငံများအတွက် အဓိကအရေးပါသည့် အိန္ဒိယ သမုဒ္ဒရာသို့ ပင်လယ်ထွက်ပေါက် ကိုလည်း ပိုင်ဆိုင်ထားပါသည်။ ပထဝီ အနေအထားအရ လူဦးရေထူထပ်၍ ဈေးကွက်ကြီးမားလှသည့် တရုတ် (လူဦးရေ ၁ ဒသမ ၄ ဘီလီယံ)၊ အိန္ဒိယ (လူဦးရေ ၁ ဒသမ ၄ ဘီလီယံ)၊ ဘင်္ဂလား ဒေ့ရှ် (လူဦးရေ ၁၆၉ သန်း)နှင့် အာဆီယံ နိုင်ငံများ(လူဦးရေ ၆၂၂ သန်း) တို့အကြား တွင် ရထားလမ်း၊ ကားလမ်းတို့ဖြင့် ကွန်ရက်သဖွယ် ချိတ်ဆက်ပေးနိုင်မည့် အားသာချက်ကို ပိုင်ဆိုင်ထားသည့်အပြင် အိမ်နီးချင်း ကုန်းတွင်းပိတ်နိုင်ငံများ အတွက် အရေးပါသည့် ပင်လယ် ထွက်ပေါက်ကို ရှည်လျားစွာပိုင်ဆိုင်ထား သည့်နိုင်ငံဖြစ်ပါသည်။

### ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် သက်ဆိုင်သည့်ဌာန/အဖွဲ့အစည်းများ

ပင်လယ်ရေကြောင်းဖြင့် နိုင်ငံ တကာကုန်သွယ်မှုများ အဆင်ပြေ လွယ်ကူမြန်ဆန်ချောမွေ့စေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်၊ သွင်း ကုန်လိုင်စင်များ ခွင့်ပြုချထားပေးပြီး အကောက်ခွန်ဦးစီးဌာနက ပို့ကုန်၊ သွင်း ကုန်များကို ကြီးကြပ်စစ်ဆေးခြင်းကို ဆောင်ရွက်ပါသည်။ ကုန်သွယ်မှု ဆောင်ရွက်သည့် နိုင်ငံတကာကုန်သွယ် သင်္ဘောကြီးများအား ဘေးကင်းလုံခြုံစွာ ဖြင့် လက်ခံဝန်ဆောင်မှုပေးခြင်းကိုမူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိက ဆိပ်ကမ်းတံတားများက ဆောင်ရွက်ပေး လျက်ရှိပြီး သင်္ဘောကြီးများနှင့် သင်္ဘော သားများအား ကြီးကြပ်စစ်ဆေးခြင်းကို ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ဆိပ်ကမ်းလုဝင်မှု ကြီးကြပ်ခြင်းကို လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနကလည်းကောင်း၊ ဆိပ်ကမ်း ကျန်းမာရေးကိစ္စရပ်များကို ကျန်းမာရေး ဦးစီးဌာနကလည်းကောင်း ကြီးကြပ်စီမံ ဆောင်ရွက်လျက်ရှိပါသည်။


### မြန်မာ့ဆိပ်ကမ်းများနှင့် ရန်ကုန်ဆိပ်ကမ်း


မြန်မာ့ကမ်းရိုးတန်း တစ်လျှောက် တွင် ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ပုသိမ်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း စသည့်ဆိပ်ကမ်း ကိုးခု ရှိသည့်အနက် ရန်ကုန်ဆိပ်ကမ်း သည် အဓိကဆိပ်ကမ်းကြီးဖြစ်ပြီး မြန်မာနိုင်ငံ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုပမာဏ၏ ၉၀ ရာခိုင်နှုန်း ကျော်ကို ကိုင်တွယ်ဝန်ဆောင်မှုပေးနေ သည့်ဆိပ်ကမ်း ဖြစ်ပါသည်။ ရန်ကုန် ဆိပ်ကမ်းသည် မြစ်တွင်းဆိပ်ကမ်းဖြစ်ပြီး ရန်ကုန်အတွင်း ဆိပ်ကမ်းဧရိယာနှင့် သီလဝါဆိပ်ကမ်းဧရိယာဟူ၍ နှစ်ပိုင်း ရှိပါသည်။

### ဆိပ်ကမ်းကဏ္ဍတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း

၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက် စီးပွားရေးစနစ်ကို စတင်ကျင့်သုံးချိန်မှ စ၍ ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များ အား ဆိပ်ကမ်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခွင့်ပေးခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ အစိုးရနှင့်ပုဂ္ဂလိက ဆိပ်ကမ်း တံတားပိုင်ဆိုင်မှုအချိုးမှာ ပုဂ္ဂလိက လုပ်ငန်းရှင်များက ၉၅ ရာခိုင်နှုန်းကို စီမံခန့်ခွဲလျက်ရှိပြီး ကျန်ငါးရာခိုင်နှုန်း သာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ တိုက်ရိုက်စီမံခန့်ခွဲမှုအောက်တွင် ကျန်ရှိ ပါသည်။ ရန်ကုန်ဆိပ်ကမ်း၏ အတွင်း ဆိပ်ကမ်းဧရိယာ၌ အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း၊ သီလဝါ ဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်း တံတားအစင်း၂၀ စုစုပေါင်းတံတား ၄၇ စင်း၌ သင်္ဘောကြီး ၄၇ စင်း တစ်ပြိုင် တည်း ဆိုက်ကပ်နိုင်နေပြီဖြစ်ပါသည်။ အဆိုပါဆိပ်ကမ်းတံတား ၄၇ စင်းတွင် ကုန်သေတ္တာနှင့် အထွေထွေကုန်စည် ကိုင်တွယ်နိုင်သည့် တံတား ၂၃ စင်း၊

စာမျက်နှာ ၁၁ သို့






❐ စာမျက်နှာ ၁၀ မှ

အထွေထွေကုန်စည်တံတား ကိုးစင်း၊ စက်သုံးဆီနှင့် LNG တံတား ကိုးစင်း၊ စားသုံးဆီတံတားလေးစင်းနှင့် ကောက်ပဲသီးနှံတံတားနှစ်စင်းတို့ ပါဝင်ပါသည်။ ထို့ပြင် ရန်ကုန်ဆိပ်ကမ်းသည် သွင်းကုန် ပို့ကုန်လုပ်ငန်းများအတွက် ပုဂ္ဂလိက ကုန်သေတ္တာစခန်း ခြောက်ခုနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

**ရေလမ်းကြောင်း ကောင်းမွန်အောင် ဆောင်ရွက်ခြင်း**

အဓိကဆိပ်ကမ်းဖြစ်သော ရန်ကုန်ဆိပ်ကမ်းသည် မြစ်တွင်းဆိပ်ကမ်းဖြစ်၍ ယခင်က သဲနုန်းပို့ချမှု များပြားခဲ့သဖြင့် နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများ နေ့/ည ဘေးကင်းလုံခြုံစွာ ဝင်/ ထွက်နိုင်ရေးအတွက် ရန်ကုန်မြစ် ရေလမ်းကြောင်း တိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ခြင်းလုပ်ငန်း စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတကာ တင်ဒါခေါ်ယူပြီး ပြည်ပမှ သောင်တူးရေယာဉ်များဖြင့် ဆောင်ရွက်ခဲ့ပါသည်။ သောင်တူးဖော်ခြင်းကို အလေးထား ဆောင်ရွက်ခဲ့ခြင်းကြောင့် ရေလမ်းကြောင်းအသစ် King's Bank Channel ကို ဖော်ထုတ်နိုင်ခဲ့ပြီး ရေစူး ပိုမိုသည့်သင်္ဘောကြီးများကို တိုးမြှင့်လက်ခံလာနိုင်ခြင်းကြောင့် ကုန်စည်ပိုမိုတင်ဆောင်လာနိုင်၍ ဌာနနှင့် နိုင်ငံတော်အတွက် ဝင်ငွေများစွာ တိုးတက်ရှာဖွေပေးနိုင်ခဲ့ပါသည်။ ယခုအခါ ရန်ကုန်အတွင်းဆိပ်ကမ်းသို့ ရေစူး ၉ ဒသမ ၆ မီတာ၊ အလျားမီတာ ၂၀၀ နှင့် Deadweight Tonnage (DWT) ၃၅၀၀၀ ရှိ အရွယ်အစားကြီးမားသော ရေယာဉ်ကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်ပြီး သီလဝါဆိပ်ကမ်းသို့ ရေစူး ၁၀ ဒသမ ၅ မီတာ၊ အလျား ၃၀၀ မီတာနှင့် DWT ၅၀၀၀၀ ရှိ အရွယ်အစားကြီးမားသော ရေယာဉ်ကြီးများပါ ဝင်ရောက်ဆိုက်ကပ်နိုင်ပြီဖြစ်ပါသည်။ ရေလမ်းကြောင်း တိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ခြင်းလုပ်ငန်း၏ အကျိုးကျေးဇူးကို ယနေ့လက်တွေ့ ခံစားရရှိနိုင်ခဲ့ပြီဖြစ်ပါသည်။

**ကုန်သွယ်မှုလိုအပ်ချက်နှင့် ရန်ကုန်ဆိပ်ကမ်း**

ဆိပ်ကမ်းများသည် ကုန်သွယ်မှုလိုအပ်ချက်အရ ရှင်သန်လည်ပတ်လုပ်ကိုင်ကြရသည်ဖြစ်ရာ ဆိပ်ကမ်းကဏ္ဍနှင့် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် တိုးတက်ခြင်းအပြင် နိုင်ငံတကာ ကုန်စည်များကို လက်ခံလွှဲပြောင်းတင်ပို့ပေးနိုင်ခြင်း အပေါ်တွင်လည်း တည်မှီနေကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်ဆိပ်ကမ်းသည် စင်ကာပူဆိပ်ကမ်းနှင့် မလေးရှား Port Klang ဆိပ်ကမ်းတို့ကဲ့သို့ နိုင်ငံတကာကုန်စည်များ လက်ခံလွှဲပြောင်းတင်ပို့ပေးခြင်းကို ဆောင်ရွက်ပေးနေသည့်အချက်အချာဆိပ်ကမ်းအဆင့်မဟုတ်ဘဲ နိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်လိုအပ်ချက်အရ လည်ပတ်လုပ်ကိုင်နေသည့် ဆိပ်ကမ်းအဆင့်သာဖြစ်ပါသည်။ နိုင်ငံတကာနှင့် ကုန်သွယ်ရာတွင် ဒေသတွင်းအချက်အချာဆိပ်ကမ်းများဖြစ်သော စင်ကာပူနှင့် Port Klang ဆိပ်ကမ်းတို့မှတစ်ဆင့် တင်ပို့/တင်သွင်းရသည့် ခရီးဆုံးဆိပ်ကမ်းတစ်ခုမျှသာ ဖြစ်သည့်အတွက် ရန်ကုန်ဆိပ်ကမ်း၏ ကုန်ကိုင်တွယ်ရရှိမှုပမာဏမှာ ကန့်သတ်ချက်များရှိနေဆဲဖြစ်ပါသည်။

ရန်ကုန်ဆိပ်ကမ်းအနေဖြင့် တစ်နှစ်လျှင် ကုန်သေတ္တာ သုံးသန်းခန့်ကိုင်တွယ်နိုင်စွမ်းရှိသော်လည်း တစ်နှစ်ပျမ်းမျှ ကုန်သေတ္တာကိုင်တွယ်ရရှိမှုမှာ တစ်သန်းအောက် (ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းခန့်)သာရှိပါသည်။ ထို့ပြင် အထွေထွေကုန်စည်တစ်နှစ်လျှင် မက်ထရစ်တန် ၁၂ သန်းခန့် ကိုင်တွယ်နိုင်စွမ်းရှိသော်လည်း တစ်နှစ်ပျမ်းမျှ ကိုင်တွယ်ရရှိမှုမှာ မက်ထရစ်တန် သုံးသန်းမှ လေးသန်းခန့် (ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းခန့်)သာ ကိုင်တွယ်ရရှိပါသည်။ ထို့ကြောင့် လက်ရှိအခြေအနေအရ ကုန်ကိုင်တွယ်ရရှိမှုသည် ကုန်ကိုင်တွယ်နိုင်စွမ်း၏ ထက်ဝက်ဖြစ်သော ၅၀ ရာခိုင်နှုန်းအောက်တွင်သာ ရှိသေးသဖြင့် ပြည်တွင်းလိုအပ်ချက်အတွက် ဆိပ်ကမ်းများ ထပ်မံတိုးချဲ့တည်ဆောက်ရန် မလိုအပ်သေးကြောင်းနှင့် ကုန်ကြမ်းတင်သွင်းပြီး ကုန်ချောထုတ်လုပ်တင်ပို့မည့် အထူးစီးပွားရေးဇုန်များနှင့်တွဲဖက်၍ ရေနက်ဆိပ်ကမ်းများကိုသာ တည်ဆောက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။




မြန်မာ-တရုတ် ကုန်သွယ်မှုစင်္ကြံ လမ်းကြောင်းပြပုံ။

**ကုန်း-ရေ ဘက်စုံသယ်ယူပို့ဆောင်ခြင်း နည်းလမ်းဖြင့် ကုန်သွယ်မှုကိုမြှင့်တင်ပြီး နိုင်ငံလူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း**

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ ပထဝီအနေအထား အားသာချက်ကို အကျိုးရှိစွာအသုံးချပြီး ရန်ကုန်ဆိပ်ကမ်းနှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းတို့ကို နိုင်ငံတကာကုန်သွယ်မှု၏ အဓိကဝင်/ ထွက်ပေါက်အဖြစ်လည်းကောင်း၊ အဆိုပါဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများ၏ နယ်စပ်အထိ ရထားလမ်း၊ ကားလမ်းများကို တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်းဖြင့်လည်းကောင်း၊ ကုန်း-ရေ ဘက်စုံသယ်ယူပို့ဆောင်ခြင်းနည်းလမ်းဖြင့် နိုင်ငံဖြတ်ကျော်ကုန်သွယ်ခြင်းကို အိမ်နီးချင်းနိုင်ငံများနှင့် အကျိုးတူပူးပေါင်း၍ လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ဥပမာ လွယ်ဂျယ်-ဗန်းမော်၊ မူဆယ်၊ ချင်းရွှေဟော်၊ တမူးမှသည် မန္တလေးသို့ ကား၊ ရထားဖြင့်လည်းကောင်း၊ မန္တလေးတွင် ကုန်သိုလှောင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း/ ထုပ်ပိုးခြင်းတို့ကို ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် ဧရာဝတီမြစ်ကို အသုံးပြု၍ Barge Carrier များ အသုံးပြုပြီး ရေလမ်းခရီးဖြင့်လည်းကောင်း၊ ကား၊ ရထားအသုံးပြု၍ ကုန်းလမ်းခရီးဖြင့် လည်းကောင်း ရန်ကုန်ဆိပ်ကမ်းသို့ ချိတ်ဆက်သယ်ယူပို့ဆောင်နိုင်ပါက ရှိနှင့်ပြီးသည့် ဆိပ်ကမ်းများ၊ ကားလမ်း၊ ရထားလမ်းများကိုလည်း အပြည့်အဝအသုံးချနိုင်ပြီး ရေရှည်အကျိုးအတွက် ကောင်းစွာ အဆင့်မြှင့်တင် တိုးချဲ့နိုင်မည်ဖြစ်ပါသည်။ ထိုသို့ မြှင့်တင်တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍနှင့် ဆိပ်ကမ်းကဏ္ဍတို့တွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများ တိုးတက်ရရှိနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံ့ဝင်ငွေကိုလည်း တိုးတက်ရှာဖွေရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅-၂၀၁၆/ ၂၀၁၆-၂၀၁၇ ခုနှစ်များတွင် ကုန်သွယ်ရေးမူဝါဒဖြေလျှော့ပေးမှုအရ ထိုင်းနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ သကြားများကို ပင်လယ်ရေကြောင်းလမ်းဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ တင်သွင်းပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်းလမ်းဖြင့် တိုက်ရိုက်တင်ပို့နိုင်ခဲ့စဉ်က ရန်ကုန်ဆိပ်ကမ်းတွင် ကုန်သေတ္တာသင်္ဘော ဝင်/ ထွက်မှုနှင့် ကုန်သေတ္တာ ကိုင်တွယ်ရရှိမှုများပြားခဲ့ပါသည်။ အထူးသဖြင့် အိမ်နီးချင်းတရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုပမာဏများပြားပြီး ကုန်းတွင်းပိတ်ပြည်နယ်များဖြစ်ကြသော ချုံချင်း၊ ကွမ်ကျိုး၊ စီချွမ်နှင့် ယူနန်စသည့် ပြည်နယ်များမှ အရှေ့အလယ်ပိုင်း၊ ဥရောပနှင့် အနောက်နိုင်ငံများသို့ တင်ပို့မည့်ကုန်စည်များကို (တရုတ်နိုင်ငံ၏ တောင်ဘက်နှင့် အရှေ့ဘက်ပင်လယ်ထွက်ပေါက်များအထိ၊ ထိုမှတစ်ဆင့် တောင်တရုတ်ပင်လယ်နှင့် မလက္ကာရေလက်ကြားတို့ကို ဖြတ်သန်း၍ ခရီးရှည်ပို့ဆောင်နေရရာမှ) ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့်တင်ပို့ရန် ဝန်ဆောင်မှုပေးနိုင်မည်ဆိုပါက ရန်ကုန်ဆိပ်ကမ်းသည်လည်း Transit Trade များဖြင့် ပိုမိုစည်ကားလာမည်ဖြစ်ပြီး ဝင်ငွေလည်း တိုးတက်ရရှိလာမည်ဖြစ်ပါသည်။

**နိုင်ငံတကာကုန်သွယ်မှုနှင့် နိုင်ငံဖြတ်သန်းကုန်သွယ်မှု**

ကမ္ဘာ့နိုင်ငံများသည် နိုင်ငံတကာကုန်သွယ်မှုကို ဆောင်ရွက်ကြရာတွင် ကုန်စည်ပမာဏများများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ခရီးဝေးဝေး သယ်ယူပို့ဆောင်ပေးနိုင်သည့် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကို အဓိကအားထားဆောင်ရွက်ခဲ့ကြသော်လည်း သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများနှင့် နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ အချိန်နှင့် ကုန်ကျစရိတ် ပိုမိုသက်သာစေရန် သယ်ယူပို့ဆောင်ရေးနည်းလမ်းအမျိုးမျိုးကို ပေါင်းစပ်အသုံးချခြင်း နည်းလမ်းဖြင့် ပြောင်းလဲဆောင်ရွက်လာကြပါသည်။ အထူးသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization – WTO)၊ အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီချက် – ၁၉၉၄ (General Agreement on Tariffs and Trade – GATT, 1994)၏ Article V နှင့် ကုန်သွယ်မှု လွယ်ကူမြန်ဆန်ချောမွေ့စေရေး သဘောတူညီချက်(Trade Facilitation Agreement – TFA)၏ Article 11 တို့တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် လွတ်လပ်စွာ နိုင်ငံဖြတ်သန်းကုန်သွယ်မှု (Freedom of Transit) အရ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကုန်သွယ်ကြရာတွင် ကြားခံနိုင်ငံ/ နယ်မြေတစ်ခုကို သက်ဆိုင်ရာနိုင်ငံ၏ ခွင့်ပြုချက်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သယ်ယူပို့ဆောင်ရေးနည်းလမ်းအမျိုးမျိုးဖြင့် တစ်ဆင့်ခံဖြတ်သန်း၍ ကုန်သွယ်မှုပြုလာကြပါသည်။ စာမျက်နှာ ၁၂ သို့ ❐

**“အထူးသဖြင့် အိမ်နီးချင်း တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုပမာဏများပြားပြီး ကုန်းတွင်းပိတ်ပြည်နယ်များဖြစ်ကြသော ချုံချင်း၊ ကွမ်ကျိုး၊ စီချွမ်နှင့် ယူနန်စသည့် ပြည်နယ်များမှ အရှေ့အလယ်ပိုင်း၊ ဥရောပနှင့် အနောက်နိုင်ငံများသို့ တင်ပို့မည့်ကုန်စည်များကို (တရုတ်နိုင်ငံ၏ တောင်ဘက်နှင့် အရှေ့ဘက်ပင်လယ်ထွက်ပေါက်များအထိ၊ ထိုမှတစ်ဆင့် တောင်တရုတ်ပင်လယ်နှင့် မလက္ကာရေလက်ကြားတို့ကို ဖြတ်သန်း၍ ခရီးရှည်ပို့ဆောင်နေရရာမှ) ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့်တင်ပို့ရန် ဝန်ဆောင်မှုပေးနိုင်မည်ဆိုပါက ရန်ကုန်ဆိပ်ကမ်းသည်လည်း Transit Trade များဖြင့် ပိုမိုစည်ကားလာမည်ဖြစ်ပြီး ဝင်ငွေလည်း တိုးတက်ရရှိလာမည်”**

# (၃၈)ဖြာမင်္ဂလာ ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေးကိုယ်ကျင့်သီလဗဟုသုတပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၅

မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ် နယ်စပ်တောင်တန်းဒေသသာသနနုဂ္ဂဟအသင်းကြီး(ရန်ကုန်တိုင်း)နှင့် ထိုင်းနိုင်ငံဓမ္မကာယကျောင်းတော်ကြီး The 4th Myanmar World Peace Ethics Contest (World PEC)တို့ ပူးပေါင်းကျင်းပသော(၃၈)ဖြာမင်္ဂလာ ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေး ကိုယ်ကျင့်သီလဗဟုသုတပြိုင်ပွဲ (၂၀၂၂-၂၀၂၃)ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ကမာရွတ်မြို့နယ်၌ ကျင်းပသည်။



အခမ်းအနားတွင် ထိုင်းနိုင်ငံဓမ္မကာယကျောင်း ဆရာတော်ဘဒ္ဒန္တလုံဖိခိရတိက ဩဝါဒကထာမိန့်ကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ် နယ်စပ်တောင်တန်းဒေသသာသနနုဂ္ဂဟအသင်း ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးနေရှိုင်းက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဆရာတော်ဘဒ္ဒန္တလုံဖိခိရတိ၊ နယ်စပ်တောင်တန်းဒေသသာသနနုဂ္ဂဟအသင်း ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌဦးနေရှိုင်းနှင့် တာဝန်ရှိသူများက (၃၈)ဖြာမင်္ဂလာ ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေးကိုယ်ကျင့်သီလဗဟုသုတပြိုင်ပွဲ(၂၀၂၂-၂၀၂၃)တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် အောင်လက်မှတ်များ ချီးမြှင့်ကြသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက(၃၈)ဖြာမင်္ဂလာ ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေးကိုယ်ကျင့်သီလဗဟုသုတပြိုင်ပွဲ(၂၀၂၂-၂၀၂၃)ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ အင်းများ လေလံတင်ရောင်းချ

လက်ပံတန်း အောက်တိုဘာ ၅

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ ကြမ်းခင်းဈေးပြင်ဆင်သတ်မှတ်သည့်အင်းများ လေလံတင်ရောင်းချသည့် အခမ်းအနားကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးခန်းမ၌ အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိုးမင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် ဌာနဆိုင်ရာများ၊ အင်းသားကြီးများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးက လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အင်းသားကြီးများက တင်ဒါချက်သုံးချက်၊ အင်းခုနစ်အင်းတို့ကို အိတ်ဖွင့်တင်ဒါလေလံရောင်းချရာ သိန်း ၁၀၀ ကျော် ရရှိကြောင်း သိရသည်။

**အောင်ဆင့်**

❐ စာမျက်နှာ ၁၁ မှ

### ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Transit Trade နှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များ

ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီချက် -၁၉၉၄ [General Agreement on Tariffs and Trade (GATT) 1994] ၏ Article V – Freedom of Transit ၏ အပိုဒ်-၁ တွင် Transit Trade ဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နယ်နိမိတ်ကို ဖြတ်သန်း၍ အခြားအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ခြင်း (တစ်ဆင့်တင်ပို့ခြင်း၊ ကုန်သိုလှောင်ခြင်း၊ ကုန်စည်များခွဲခြမ်းစီမံခြင်းနှင့် သယ်ယူပို့ဆောင်ရေးနည်းလမ်းတစ်ခုမှ အခြားနည်းလမ်းတစ်ခုဖြင့် ပြောင်းလဲပို့ဆောင်ခြင်းလုပ်ငန်းစဉ်များ အပါအဝင်)၊ သင်္ဘော၊ လေယာဉ်၊ ကား၊ ရထား စသည်ဖြင့် ကုန်း၊ ရေ၊ လေ သယ်ယူပို့ဆောင်ရေးနည်းလမ်းများဖြင့် ဖြတ်သန်းသယ်ယူပို့ဆောင်ခြင်းကိုဆိုလိုပါသည်။

"1. Goods (including baggage), and also vessels and other means of transport, shall be deemed to be in transit across the territory of a contracting party when the passage across such territory, with or without transshipment, warehousing, breaking bulk, or change in the mode of transport, is only a portion of a complete journey beginning and terminating beyond the frontier of the contracting party across whose territory the traffic passes. Traffic of this nature is termed in this article "traffic in transit"."

အပိုဒ်-၂ တွင် Transit Trade ဆောင်ရွက်ရာ၌ သင်္ဘော၏ မှတ်ပုံတင်အရ လွှင့်ထူထားသည့် အလံအရလည်းကောင်း၊ မူရင်းအရပ်ဒေသ၊ ထွက်ခွာရာ/ ဝင်ပေါက်/ ထွက်ပေါက်/ ဦးတည်ရာ အရပ်ဒေသအရလည်းကောင်း၊ ကုန်ပစ္စည်းပိုင်ရှင်နှင့် ပတ်သက်သည့် အကြောင်းအချက်များအရလည်းကောင်း၊ သင်္ဘော (သို့မဟုတ်) သယ်ယူပို့ဆောင်ရေးယာဉ်များကို ခွဲခြားဆက်ဆံခြင်း မရှိရဟု သတ်မှတ်ပြဋ္ဌာန်းထားပါသည်။




မြန်မာ-တရုတ် ကုန်း-ရေ နိုင်ငံတကာကုန်သွယ်မှုလမ်းကြောင်းများ။

"2. There shall be freedom of transit through the territory of each contracting party, via the routes most convenient for international transit, for traffic in transit to or from the territory of other contracting parties. No distinction shall be made which is based on the flag of vessels, the place of origin, departure, entry, exit or destination, or on any circumstances relating to the ownership of goods, of vessels or of other means of transport."

အပိုဒ်-၃ တွင် Transit Trade ကုန်စည်များကို ဖြတ်သန်းပို့ဆောင်ရာတွင် ဖြတ်သန်းသည့် သက်ဆိုင်ရာနိုင်ငံ၏ အကောက်ခွန်ဆိုင်ရာ စစ်ဆေးမှုများကို ခံယူရန် လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ သို့ရာတွင် သတ်မှတ်အကောက်ခွန်ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်ခြင်းမှလွဲ၍ Transit နယ်မြေ/ နိုင်ငံများတွင် မလိုလားအပ်သော နှောင့်နှေးခြင်း သို့မဟုတ် ကန့်သတ်ချက်များ မရှိစေသင့်သည့်အပြင် အဆိုပါနယ်မြေ/ နိုင်ငံအတွင်း ကုန်စည်သယ်ယူပို့ဆောင်ရေးစရိတ်များနှင့် Transit Trade လုပ်ငန်းစဉ်အတွက် သင့်လျော်သည့် စီမံခွန့်ခွဲမှုစရိတ်များစသည့် ဝန်ဆောင်မှုစရိတ်များမှလွဲ၍ အကောက်ခွန်နှင့် အခြားအခွန်အခများအားလုံးကို ကင်းလွတ်ခွင့်ရှိစေရမည်။

"3. Any contracting party may require that traffic in transit through its territory be entered at the proper custom house, but, except in cases of failure to comply with applicable customs laws and regulations, such traffic coming from or going to the territory of other contracting parties shall not be subject to any unnecessary delays or restrictions and shall be exempt from customs duties and from all transit duties or other charges imposed in respect of transit, except charges for transportation or those commensurate with administrative expenses entailed by transit or with the cost of services rendered."

Transit Trade ဝန်ဆောင်မှုပေးခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သတ်မှတ်ချက်အရ သက်ဆိုင်ရာနိုင်ငံအနေဖြင့် အကောက်ခွန်နှင့်အခွန်အခများ ကင်းလွတ်ပေးရမည်ဖြစ်သော်လည်း ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် Transport and Logistics ဆိုင်ရာ ဝန်ဆောင်ခများနှင့် တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှုနှင့် အခြားဝန်ဆောင်ခအမျိုးမျိုးမှ တစ်ဆင့် နိုင်ငံ့ဝင်ငွေတိုးတက်ရာဖွေပေးနိုင်မည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်း၊ နည်းပညာနှင့် အတတ်ပညာများလည်း ရရှိနိုင်မည်ဖြစ်၍ နိုင်ငံသားများ၏ လူမှုစီးပွားဘဝလည်း တိုးတက်လာမည်ဖြစ်ပါသည်။

### ကုန်း-ရေ နိုင်ငံတကာကုန်သွယ်မှုလမ်းကြောင်းသစ်တွင် ချိတ်ဆက်ပါဝင်ခြင်း

ထို့ပြင် အိမ်နီးချင်း တရုတ်နိုင်ငံအနေဖြင့်လည်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative – BRI)၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တရုတ်နိုင်ငံ ချုံချင့်ဆိပ်ကမ်း၊ မြန်မာနိုင်ငံ ရန်ကုန်ဆိပ်ကမ်းနှင့် သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းများအကြား New International Land-Sea Trade Route ကုန်သွယ်ရေးစင်္ကြံ အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုကမ်းလှမ်းမှုများ ရှိထားပါသည်။ ထို့ကြောင့် Transit Trade ကို အားပေးမြှင့်တင်ရာတွင် လက်ရှိအချိန်၌ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်များ မပေါ်ပေါက်သေးသဖြင့် ပထမအဆင့်အနေဖြင့် ရန်ကုန်ဆိပ်ကမ်းကို အဆိုပါကုန်သွယ်ရေးစင်္ကြံ၏ Sea Gateway အဖြစ်လည်းကောင်း၊ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးဇုန်ရှိသည့် မြို့များနှင့် မန္တလေး၊ နေပြည်တော်မြို့တို့ကို Land Gateway နှင့် Logistics Hub များအဖြစ်လည်းကောင်း အပြည့်အဝ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက အလေးထား ပူးပေါင်းဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

### ရန်ကုန်ဆိပ်ကမ်းအား အဆင့်လိုက်အဆင့်မြှင့်တင်ခြင်း

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က US AID၊ JICA တို့နှင့် ပူးပေါင်းလေ့လာသုတေသနပြုချက်များအရ မြန်မာနိုင်ငံ၏ပထဝီအနေအထား အချက်အချာကျမှုအရ ကုန်း-ရေ ဘက်စုံသယ်ယူပို့ဆောင်ရေး ကောင်းစွာဖွံ့ဖြိုးလာပြီး နိုင်ငံတကာကုန်သွယ်မှုများ တစ်ဟုန်ထိုး တိုးတက်လာသည့်တိုင် ဆိပ်ကမ်းနေရာအသစ်များကို ချက်ချင်းတိုးချဲ့တည်ဆောက်ရန် မလိုအပ်သေးဘဲ အဆင့် (၁) အနေဖြင့် လက်ရှိ ဆိပ်ကမ်းတံတားများကို အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပါက ကုန်သေတ္တာ ၅ ဒသမ ၅ သန်းကိုလည်းကောင်း၊ အဆင့်(၂)အနေဖြင့် အထွေထွေကုန်စည်ဆိပ်ကမ်းတံတားမှ ကုန်သေတ္တာဆိပ်ကမ်းတံတားသို့ အသွင်ပြောင်းခြင်းနှင့် အဆင့် (၃) အနေဖြင့် ရန်ကုန်မြစ်တစ်လျှောက်နှင့် မြစ်ဝတွင် ဆိပ်ကမ်းနေရာ တိုးချဲ့ခြင်းတို့ဖြင့် ကုန်သေတ္တာ ၇ ဒသမ ၈ သန်းအထိကိုလည်းကောင်း အဆင့်လိုက်တိုး၍ ကိုင်တွယ် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားပါသည်။

### နိုင်ငံ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း

သို့ဖြစ်ရာ နိုင်ငံ၏ကုန်သွယ်မှုလိုအပ်ချက်ကို တင်ပြပါအတိုင်း ဖြည့်တင်းဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ထောက်ပံ့သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုကဏ္ဍများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုသို့တိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ လူမှုစီးပွားကဏ္ဍအသီးသီးသည်လည်း ကျွဲကူးရေပါ တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ထို့မျှမက မြန်မာ့ဆိပ်ကမ်းများသည်လည်း လိုအပ်ချက် (Demand)၏ စေ့ဆော်မှုကြောင့် ဒေသတွင်းဆိပ်ကမ်းများနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်စွမ်းရှိသည်အထိ အလိုက်သင့်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

**ကိုးကားစာရင်း**

**၁။ UNCTAD ၏ Review of Maritime Transport 2021, 2022**

**၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website၊ Trade Data Page**

**၃။ The World Bank's Data, Trade (% of GDP)**

**၄။ Marine Regions, www.marineregions.org**

**၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏အချက်အလက်များ**

**၆။ Silk Road Briefing, https://bit.ly/45pH03m**

**၇။ WTO's GATT 1994**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNHCR တို့အကြားနားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်တွင်းခရီးသွားလာခွင့်နှင့် ပြည်ဝင်ဗီဇာကိစ္စရပ်များ ဆောင်ရွက်ပေးရေး၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ လူသားချင်းစာနာမှုအကူအညီလိုအပ်သူနှင့် နေရပ်စွန့်ခွာသူဆိုင်ရာ ကိန်းဂဏန်းထုတ်ပြန်ရာတွင် မြေပြင်အခြေအနေနှင့် ကိုက်ညီစေရေးအတွက် ဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက် မျှဝေရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

# အာဆီယံမဏ္ဍိုင်(၃)ရပ်၏ ဝန်ကြီးဌာနများအကြား အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် (၂၀၄၅)စာတမ်း၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

အာဆီယံမဏ္ဍိုင်(၃)ရပ်ဖြစ်သော အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်၊ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်တို့၏ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်(၂၀၄၅)စာတမ်း၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မဏ္ဍိုင်(၃)ရပ်အောက်ရှိ ဝန်ကြီးဌာန ၁၀ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်(၂၀၄၅)ကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ခြင်းအပေါ် ကျေနပ်အားရမိကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၌ မိမိတို့၏ သက်ဆိုင်ရာအမျိုးသားစီမံကိန်းများနှင့်ကိုက်ညီစွာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက လာမည့် ၂၀၂၄ ခုနှစ်တွင် အာဆီယံ၌ မြန်မာနိုင်ငံမှ ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် အလားအလာများ၊ စိန်ခေါ်မှုများအပေါ် သုံးသပ်ဆွေးနွေးပြောကြားကာ အစည်းအဝေး တက်ရောက်လာသူများက မိမိတို့၏ အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အာဆီယံအသိုက်အဝန်း (၂၀၂၅)အလွန်မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့(HLTF-ACV)၏ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က “တက်ကြွ၍ ကြံ့ခိုင်မှုရှိသော ပြည်သူ့ဗဟိုပြုအာဆီယံ”ဆောင်ပုဒ်ဖြင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်(၂၀၄၅)စာတမ်းအား အပြီးသတ်ရေးဆွဲနိုင်ခဲ့ခြင်းအပေါ် ရှင်းလင်းပြောကြားပြီး ရှေ့ကာလ၌ ယင်းစာတမ်း၏ ဆက်စပ်စာတမ်း/မဟာဗျူဟာအစီအစဉ်များ ဆက်လက်ရေးဆွဲရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ချိတ်ဆက်ကာ သက်ဆိုင်ရာအာဆီယံမဏ္ဍိုင်အလိုက် ဝန်ကြီးဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားရန် အရေးကြီးကြောင်း ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် တက်ရောက်လာသည့် အာဆီယံမဏ္ဍိုင်(၃)ရပ်အောက်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များက အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံက အာဆီယံ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေ၊ ၎င်းတို့၏ သက်ဆိုင်ရာမဏ္ဍိုင် အသီးသီးအောက်မှ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် အနာဂတ်အာဆီယံ အလားအလာအပေါ် အမြင်ချင်းဖလှယ် သုံးသပ်ဆွေးနွေး တင်ပြကြသည်။

**သတင်းစဉ်**

# တောင်ငူမြို့နယ် ပညာ/ကျန်းမာငွေစုငွေချေး သမဝါယမအသင်းက အတိုးများ ထုတ်ပေး

**တောင်ငူ အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ပညာ/ကျန်းမာငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဂုဏ်တန်မူလွန်ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌဦးဗိုလ်၊ အခမ်းအနားမှူးအဖြစ် ဦးရွှေသောင်းက ဆောင်ရွက်သည်။ အသင်းမှ အသင်းသားများသို့ စုဆောင်းငွေပေါ် အတိုးငွေ ၁၁၇၃၃၀၇၅ ကျပ် ထုတ်ပေးပြီး အသင်းသားများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေအဖြစ် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သုံးဦးအတွက် ငွေကျပ် ၉၀၀၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံသား သက်သေခံကတ်ပြားပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက တမီလ်ဟိန္ဒူဘာသာဝင်၏ နိုင်ငံသားသက်သေခံကတ်ပြား ပေးအပ်ပွဲတွင် မြို့နယ်ဦးစီးမှူး ဦးအောင်သင်းကျော်က သက်သေခံကတ်ပြား ၂၈ ခုကို ပေးအပ်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် အဖွဲ့က လက်ခံရယူကြသည်။



မြို့နယ်ဦးစီးမှူးက ယခုပေးအပ်သည့် သက်သေခံကတ်ပြားကို မိမိနှင့်အတူ တစ်ပါးတည်း ယူဆောင်သွားရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများက တောင်းဆိုသည့်အခါ ထုတ်ပြရမည်ဖြစ်ပြီး သက်သေခံကတ်ပြားကို အခြားသူထံ မလွှဲပြောင်းရကြောင်း၊ သက်သေခံ ကတ်ပြားပေါ်တွင်လည်း မည်သည့်အမှတ်အသား၊ မည်သည့် ပြောင်းလဲချက်ကိုမျှ မပြုလုပ်ကြရန် မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့၌ “မိသားစုဝင်ငွေတိုးရေးစီမံကိန်း” အခြေခံနှင့် မွမ်းမံစက်ချုပ်သင်တန်းဆင်းပွဲ ပြုလုပ်



**ကော့သောင်း အောက်တိုဘာ ၅**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကျင်းပသော အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း အခြေခံနှင့် မွမ်းမံ စက်ချုပ်သင်တန်းဆင်းပွဲကို ကော့သောင်းမြို့နယ် စိုင်ဒင်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးထက်အောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ အခြေခံနှင့် မွမ်းမံ စက်ချုပ်သင်တန်းကို ဩဂုတ် ၁၀ ရက်မှ အောက်တိုဘာ ၅ ရက်အထိ သင်တန်းကာလ နှစ်လကြာ ဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❐

# ကမ္ဘာလှည့်ခရီးသည်များ၏ လုံခြုံရေး တိုးမြှင့်ဆောင်ရွက်မည်ဟု ထိုင်းဝန်ကြီးချုပ် ပြောကြား

**ဗန်ကောက် အောက်တိုဘာ ၅**

ဗန်ကောက်မြို့လယ်ရှိ နာမည်ကြီး ဈေးဝယ်စင်တာတစ်ခု၌ ပစ်ခတ်မှုဖြစ်ပွားပြီး တစ်ရက်အကြာတွင် ခရီးသွားများ၏ လုံခြုံမှုနှင့် ယုံကြည်မှုပြန်လည်ရရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ဆရတ်သာသာဗီဆင်က အောက်တိုဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

ထိုင်းအစိုးရသည် အလားတူဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားအောင် တားဆီးရန် အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုင်းရင်းပါရာဂွန်ကုန်တိုက်တွင် တစ်မိနစ်ကြာ ငြိမ်သက်ဆုတောင်းခြင်းနှင့်အတူ ကွယ်လွန်သူအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

အရေးပေါ်အခြေအနေများကို ပြည်သူများအား အသိပေးနိုင်ရန် အစိုးရက သတိပေးသည့်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အစိုးရအေဂျင်စီများသည် ခရီးသွားများအကြား ယုံကြည်မှုပြန်လည်ရရှိရန် ပိုမိုကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းနှင့်အားကစားဝန်ကြီး ဆူဒါဝမ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့သည် ဈေးဝယ်စင်တာများနှင့် အခြားအများပြည်သူနေရာများကို တင်းကျပ်သော လုံခြုံရေးစစ်ဆေးမှုများလုပ်ဆောင်ရန်နှင့် လုံခြုံရေးဝန်ထမ်းများအား သင်တန်းများပေးခြင်းဖြင့် အဆက်မပြတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့အကြီးအကဲ ဆန်မရန်နျူအယ်လ်မာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# နာဆာနှင့် ဥရောပအာကာသအေဂျင်စီမှ အာကာသယာဉ်မှူးများ ယခုလအတွင်း အာကာသလမ်းလျှောက်မှု နှစ်ကြိမ်ခန့် ပြုလုပ်မည်

**ဝါရှင်တန် အောက်တိုဘာ ၅**

နာဆာနှင့် ဥရောပအာကာသအေဂျင်စီ (ESA) မှ အာကာသယာဉ်မှူးများသည် သိပ္ပံသုတေသနနှင့် အာကာသစခန်းပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရန် နိုင်ငံတကာအာကာသစခန်းအပြင်ဘက်သို့ အောက်တိုဘာလအတွင်း အာကာသလမ်းလျှောက်မှု နှစ်ကြိမ်ခန့် ပြုလုပ်သွားမည်ဖြစ်ကြောင်း နာဆာက ယနေ့ ပြောကြားသည်။

နာဆာမှ အာကာသယာဉ်မှူး Loral O'Hara သည် အောက်တိုဘာ ၁၂ ရက်နှင့် အောက်တိုဘာ ၂၀ ရက်တွင်ပြုလုပ်မည့် အာကာသလမ်းလျှောက်ခြင်းလုပ်ငန်းစဉ်တွင် ဦးဆောင်ပါဝင်မည်ဖြစ်သည်။

ဥရောပအာကာသအေဂျင်စီမှ အာကာသယာဉ်မှူး Andreas Mogensen သည် ပထမအကြိမ် အာကာသလမ်းလျှောက်မှုတွင် ပါဝင်မည်ဖြစ်ပြီး ဒုတိယအကြိမ် အာကာသလမ်းလျှောက်မှုတွင် နာဆာမှ အာကာသယာဉ်မှူး Jasmin Moghbeli သည် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၂ ရက် အာကာသလမ်းလျှောက်စဉ်အတွင်း အာကာသယာဉ်မှူးနှစ်ဦးသည် အာကာသစခန်း၏ အပြင်ဘက်တွင် သေးငယ်သောဇီဝသက်ရှိများ ရှိ၊ မရှိကို ခွဲခြမ်းစိတ်ဖြာရန် နမူနာများကို စုဆောင်းရေးအတွက် စူးစမ်းမှုများ ပြုလုပ်မည်ဖြစ်သည်။

အောက်တိုဘာ ၂၀ ရက် အာကာသလမ်းလျှောက်စဉ်အတွင်း အာကာသယာဉ်မှူးများသည် အာကာသစခန်းအပြင်ဘက်၌ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့အကြား ငြိမ်းချမ်းရေးရရှိစေရန် အီရန်က ကူညီဆောင်ရွက်မည်

**တီဟီရန် အောက်တိုဘာ ၅**

ကော့ကေးဆပ်ဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ရရှိစေရန်နှင့် အဇာဘိုင်ဂျန်နှင့် အာမေးနီးယားအကြား စေ့စပ်ညှိနှိုင်းပေးရန် အီရန်နိုင်ငံက ကူညီဆောင်ရွက်မည်ဟု သမ္မတ ရိုင်စီက အောက်တိုဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

အီရန်သမ္မတ ရိုင်စီက အာမေးနီးယား လုံခြုံရေးကောင်စီအတွင်းရေးမှူး အာမန်ဂရီဂိုယန်နှင့် အဇာဘိုင်ဂျန်သမ္မတ ကာလာဖော့ဒ်တို့ကို သီးခြားတွေ့ဆုံခဲ့သည်။

**ရပ်တည်ချက်ကို အလေးပေးပြောကြား**

ဂရီဂိုယန်နှင့် တွေ့ဆုံရာတွင် ရိုင်စီသည် ကော့ကေးဆပ်ဒေသတွင် ပြည်ပဝင်ရောက်စွက်ဖက်မှုကို အီရန်က ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး အာမေးနီးယားနှင့် အဇာဘိုင်ဂျန်ကြား ကွဲပြားမှုများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းသင့်သည်ဟု တီဟီရန်၏ ရပ်တည်ချက်ကို အလေးပေးပြောကြားခဲ့သည်။

နာဂါနို-ကာရာဗတ် ဒေသရှိ အာမေးနီးယန်း လူမျိုးများ၏ အခွင့်အရေးနှင့် လုံခြုံရေးကို အကာအကွယ်ပေးရန် ရိုင်စီက တောင်းဆိုခဲ့ပြီး ကော့ကေးဆပ်ဒေသတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တီဟီရန်က အဆင်သင့်ရှိကြောင်း ပြောကြားခဲ့သည်။

**ကျေးဇူးတင်ရှိ**

ဒေသတွင်းနိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို လေးစားလိုက်နာခြင်း၏ အရေးပါမှုကို အလေးပေးဆောင်ရွက်ရာတွင် အီရန်၏ ထောက်ခံအားပေးမှုအတွက် အာမေးနီးယားက ကျေးဇူးတင်ရှိကြောင်း ဂရီဂိုယန်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ကာလာဖော့ဒ်နှင့် တွေ့ဆုံရာတွင် ရိုင်စီသည် ဒေသတွင်း နယ်နိမိတ်နှင့် ပထဝီနိုင်ငံရေး အခြေအနေကို ထိန်းသိမ်းထားရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့ပြီး ဒေသတွင်း ဆွေးနွေးမှုများကို ၃+၃ ပုံစံသို့မဟုတ် အဇာဘိုင်ဂျန်နှင့် အာမေးနီးယားကြား တင်းမာမှုများကို ဖြေရှင်းရန် ရည်ရွယ်သည့် အခြားသော သင့်လျော်သော မူဘောင်များတွင် ဒေသတွင်း ဆွေးနွေးမှုများကို ထောက်ခံရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။

ဒေသတွင်း နိုင်ငံများသည် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိကြောင်း အီရန်သမ္မတ ရိုင်စီက ပြောကြားခဲ့သည်။

ကာလာဖော့ဒ်က အဇာဘိုင်ဂျန်သည် ဒေသတွင်းပြဿနာများကို ဒေသတွင်း နိုင်ငံများကြား ပူးပေါင်း ဆောင်ရွက်မှုနှင့် ဆွေးနွေးပွဲများမှတစ်ဆင့် ဖြေရှင်းသင့်သည်ဟု ယုံကြည်ကြောင်း မှတ်ချက်ပြု ပြောကြားခဲ့သည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ဒေသတွင်း ပြဿနာများကို ဖြေရှင်းရန် ကျင်းပသည့် မည်သည့်ဆွေးနွေးပွဲကိုမဆို ကြိုဆိုကြောင်း အဇာဘိုင်ဂျန်ဘက်က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# နာနိုနည်းပညာနယ်ပယ်တွင် အောင်မြင်မှုရရှိသည့် သိပ္ပံပညာရှင်သုံးဦး ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆုရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၅**

အလွန်သေးငယ်သော အမှုန်အမွှားများဆိုင်ရာ သုတေသနလုပ်ငန်းများတွင် အောင်မြင်မှုများရရှိခြင်းကြောင့် သိပ္ပံပညာရှင်သုံးဦးအား ယခုနှစ်အတွက် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ကွမ်တမ်အစက်ဟုခေါ်သည့် အလွန်သေးငယ်သော အမှုန်အမွှားများကို စူးစမ်းလေ့လာမှုသည် တီဗွီဖန်သားပြင်မှအစပြုပြီး ရောဂါရှာဖွေရေးလုပ်ငန်းစဉ်အထိ အသုံးဝင်ကြောင်း ဆွီဒင် တော်ဝင်သိပ္ပံအကယ်ဒမီက ပြောကြားသည်။

နိုဘယ်လ်ဆုရရှိသည့် သိပ္ပံပညာရှင်များမှာ မက်ဆာချူးဆက်နည်းပညာအင်စတီကျူမှ Moungi Bawendi၊ ကိုလံဘီယာတက္ကသိုလ်မှ Louis Brus နှင့် နာနိုခရစ်စတယ်နည်းပညာတက္ကသိုလ်မှ Alexei Ekimov တို့ဖြစ်သည်။

**သီးခြားလုပ်ဆောင်ခဲ့**

၎င်းတို့သည် ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များအတွင်း အလွန်သေးငယ်သော အမှုန်အမွှားများဆိုင်ရာ သုတေသနလုပ်ငန်းများကို သီးခြားလုပ်ဆောင်ခဲ့ပြီး နာနိုနည်းပညာနယ်ပယ်တွင် အောင်မြင်မှုများကို ရရှိခဲ့ခြင်းဖြစ်သည်။

၎င်းတို့ တီထွင်ထားသော ကွမ်တမ်အစက်များသည် အလွန်သေးငယ်သော စကေးဖြင့် အလွန်တောက်ပပြီး ရောင်စုံအလင်းများကို ထုတ်ပေးနိုင်သည်။

၎င်းတို့သည် ခေတ်မီ QLED မော်နီတာများကဲ့သို့သော ပုံရိပ်ဖော်နည်းပညာတွင် အသုံးဝင်ကြောင်း သက်သေပြခဲ့ပြီး ကင်ဆာကုထုံးများတွင်လည်း အလွန်အသုံးဝင်သည့် ဆေးဘက်ဆိုင်ရာ ကိရိယာများဖြစ်သည်။

ကွမ်တမ်အစက်များသည် ပြောင်းလွယ်ပြင်လွယ် အီလက်ထရွန်နစ်ပစ္စည်းများကို ဖန်တီးခြင်း၊ ပါးလွှာသော ဆိုလာပြားများနှင့် လျှို့ဝှက်ကုဒ်များပါသော ကွမ်တမ်ဆက်သွယ်ရေးကို မကြာမီ ဖန်တီးနိုင်မည်ဟု နိုဘယ်ဆုချီးမြှင့်ရေးကော်မတီက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံက ဆိုက်ဘာတိုက်ခိုက်မှုများကို တားဆီးရန် ကုမ္ပဏီများကို စစ်ဆေးမည်

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နိုင်ငံသည် ဆိုက်ဘာတိုက်ခိုက်မှုများကို တားဆီးရန် အစိုးရ၏ ဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းအဖြစ် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းကုမ္ပဏီ ၂၀၀ ကျော်ကို စောင့်ကြည့်စစ်ဆေးမည်ဟု သိရသည်။

ပြီးခဲ့သောနှစ်တွင် ပြဋ္ဌာန်းခဲ့သော စီးပွားရေးဆိုင်ရာ လုံခြုံရေးဥပဒေအရ အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီများကို အစိုးရက စစ်ဆေးရန် တောင်းဆိုထားသည်။

၎င်းတွင် တိုကျိုလျှပ်စစ်စွမ်းအား ကုမ္ပဏီနှင့် ကန်ဇိုင်းလျှပ်စစ်စွမ်းအား ကုမ္ပဏီကဲ့သို့သော လျှပ်စစ်ဆိုင်ရာကုမ္ပဏီ ၄၀ ပါဝင်သည်။ စစ်ဆေးရမည့်စာရင်းတွင် NTT Docomo နှင့် KDDI ကဲ့သို့သော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည်။

အစိုးရသည် ဆိုက်ဘာတိုက်ခိုက်မှုများကို ကာကွယ်ရန် ၎င်းတို့လုပ်ဆောင်မည့် အစီအမံများကို အကဲဖြတ်မည်ဖြစ်သည်။ ပဏာမစိစစ်မှုတွင် ကုမ္ပဏီများသို့ စက်ပစ္စည်းများကို မည်သူက ပံ့ပိုးပေးနေကြောင်းနှင့် ကုမ္ပဏီများအခြေစိုက်သည့် နိုင်ငံများနှင့် အမှုဆောင်များ၏ အမည်များနှင့် လူမျိုးများကိုလည်း စစ်ဆေးမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ




**မော်လမြိုင်မြို့**

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဖတ်ကြားခဲ့သည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ဆက်လက်ပြီး မွန်ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားခဲ့ကာ ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဗဟိုအဆင့်၊ ပြည်နယ်အဆင့် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီး မော်လမြိုင်မြို့နယ်မှ ဆရာ ဆရာမများက မြတ်ဆရာ တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပေးခဲ့ကြသည့် ဆရာ ဆရာမများကို ဂုဏ်ပြုဆုငွေပေးအပ်ခဲ့ပြီး ကန်တော့ခံ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




**လှိုင်ကော်မြို့**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဖတ်ကြားခဲ့သည်။

ထို့နောက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော စုပေါင်းသဝဏ်လွှာကို ပြည်နယ်ပညာရေးမှူး ဦးဟန်တင်က ဖတ်ကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခြေခံပညာအထက်တန်းအဆင့် သင်ဆရာ ဆရာမများ ဗဟိုအဆင့်ဆောင်းပါး ပထမဆု၊ အခြေခံပညာကျောင်းအုပ်ကြီးများနှင့် အထက်အရာထမ်းများဗဟိုအဆင့်ဆောင်းပါး တတိယဆုနှင့် ပြည်နယ်အဆင့်အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးဆုရှိသူများအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ပြည်နယ်အဆင့် စာစီစာကုံးနှင့်ကဗျာ ပြိုင်ပွဲများတွင် ဆုရရှိသော အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ကြပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား အဖွင့်သီချင်းနှင့် အပိတ်သီချင်းတို့ကို တီးခတ်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကာ ဆုရစာမူရှင် ကျောင်းသား ကျောင်းသူများနှင့် တစ်ဦးချင်းတွေ့ဆုံ၍ ဂုဏ်ပြုချီးကျူးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

**ကျောက်တန်းမြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို အခြေခံပညာအလယ်တန်းကျောင်း(မြို့မ) ရွှေသန်လွင်ခန်းမတွင် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော သဝဏ်လွှာကို မြို့နယ်ပညာရေးမှူး(တာဝန်ခံ) ဆရာမကြီး ဒေါ်တင်တင်ဝေက ဖတ်ကြားပြီး အသက် ၇၅ နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီး ၈၅ ဦးတို့ အား ဆရာ ဆရာမများက စုပေါင်းကန်တော့ခဲ့ကြောင်း သိရသည်။ **ဘော်ဂါသွေး**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဟောပြောပွဲ အခမ်းအနားကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်တိုဘာ ၅ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အဖွင့်အမှာစကား ပြောကြားခြင်း၊ မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာနွယ်နွယ်အေးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခြင်း၊ မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) (ငြိမ်း)ဒေါက်တာကြည်ကြည်ဦးက "လက်နှောင်းဆရာ၊ အာစရိယဂုဏာ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရာ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းက ဂုဏ်ပြုလက်ဆောင် ပြန်လည်ပေးအပ်ခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

**လမ်းမတော်မြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

**သဝဏ်လွှာဖတ်ကြား**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြိုးက ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို တာဝန်ခံမြို့နယ် ပညာရေးမှူး ဦးအောင်ကျော်ဦးက ဖတ်ကြားပြီး ကျောင်းသားကျောင်းသူများက အနန္တငါးဖြာ သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

**ပုဇွန်တောင်မြို့နယ်**

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားကို ပုဇွန်တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား ခေတ္တမြို့နယ်ပညာရေးမှူး အမှတ်(၄)အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်က ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များကပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပုဇွန်တောင်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**



# ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ

## ပဲခူးမြို့

ပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

### ချီးမြှင့်

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဗဟိုအဆင့် ဒုတိယရရှိသူနှင့် တိုင်းဒေသကြီးအဆင့် ပထမဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဒုတိယဆုရရှိသူများအား ဝန်ကြီးချုပ်၏ဇနီးက ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ယင်းနောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် တိုင်းဒေသကြီးအဆင့် ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးတို့က ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သည့် စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဖျော်ဖြေရေး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနား တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## လသာမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီက အထက(၂)လသာ မြည်ီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက ဖတ်ကြားပြီး လသာမြို့နယ်တာဝန်ခံ ပညာရေးမှူးဆရာကြီး ဦးခင်မောင်ဝင်းက ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာရေးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းသဲနုအောင်(ပြန်/ဆက်)**

## ညောင်တုန်းမြို့

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပူဇော်ကန်တော့ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ညောင်တုန်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက ဖတ်ကြားသည်။ ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို မြို့နယ်ပညာရေးမှူး(ပူးတွဲတာဝန်)ဆရာကြီး ဦးခင်ဌေးက ဖတ်ကြားသည်။

ထို့နောက် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးအငြိမ်းစား ဒေသခံဆရာကြီး ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ပြီး ဝတ္ထုငွေများဖြင့် ပူဇော်ကန်တော့သည်။ ထို့နောက် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးအငြိမ်းစား ဒေသခံဆရာကြီး ဆရာမကြီးများကိုယ်စား အငြိမ်းစားမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးဖိုးလစ်သောင်းရွှေက ဆုံးမဩဝါဒစကားပြောကြားသည်။ ထို့နောက် တာဝန်ထမ်းဆောင်ဆဲ ဆရာမကလေးများက အိုဘယ့်မြတ်ဆရာ သီချင်းဖြင့် သီဆို၍ ဂါရဝပြုကန်တော့သည်။

**ထွန်းကျော်(ညောင်တုန်း)**

## ဟင်္သာတမြို့နယ်

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉ နာရီက ဟင်္သာတမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဟင်္သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသူရိန်က အဖွင့်အမှာစကားပြောကြားကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဆွေက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ဟင်္သာတမြို့နယ်အတွင်း ပညာရေးဌာနမှ အငြိမ်းစားယူသွားကြသော အသက် ၇၅ နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများ၊ ပညာရေးဝန်ထမ်းများအား တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ နှုန်းဖြင့် ဂါရဝပြုကန်တော့ကြရာ ကန်တော့ခံ ဆရာကြီးတစ်ဦးနှင့် ဆရာမကြီးတစ်ဦးတို့က ဩဝါဒစကားများ ပြန်လည်ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းက ဖတ်ကြားသည်။

ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သည့် စုပေါင်းသဝဏ်လွှာကို ခရိုင်မြို့နယ်ပညာရေးမှူး ဒေါ်စန္ဒာဦးက ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ခရိုင်အဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး ဆုရကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အား ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး အသက် ၈၀ နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ငွေသားနှင့် ဂါရဝပြုလက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

**တင်ဝင်းတင်**

## ကလေးမြို့

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက်ကလေးခရိုင်ပညာရေးမှူး ဦးညွန့်ဝင်းက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သည့် စုပေါင်းသဝဏ်လွှာကို ဖတ်ကြားပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဒေသကွပ်ကဲရေးမှူး(ကလေး)နှင့် ကလေးခရိုင်စီမံအုပ်ချုပ်ရေးမှူးတို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့


ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပညာရေးမှူးရုံးရှိ မြတ်ပညာခန်းမ၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးလွင်က ဖတ်ကြားပြီး ဂုဏ်ရောင်ထိန်ဝါ မြတ်ဆရာ ဧကပိုဒ်ရတုဖြင့် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမော်က ချီးကျူးဂုဏ်ဖော် ဖတ်ကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပြီး အသက် ၇၀ နှစ်အထက် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့မွန်းလွဲပိုင်းတွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို အနောက်တောင်တိုင်း စစ်ဌာနချုပ် ရေဝတီခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ




တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကား ပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ်ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုကြသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❍ ကျောဖုံးမှ**

ယင်းနောက် အမျိုးသမီး မီတာ ၅၀၀ (၁၂)တက်လှော်ပြိုင်ပွဲ ပွဲစဉ်တွင် ပြိုင်ပွဲဝင် ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ရာ တရုတ်အသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆု ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အမျိုးသား မီတာ ၅၀၀ (၁၂)တက်လှော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ရာ တရုတ်အသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယ၊ ထိုင်းအသင်းက တတိယ ရရှိခဲ့ကြပြီး မြန်မာအသင်းက အဆင့်(၅)နေရာ ရရှိခဲ့သည်။

အလားတူ ကျင်းဟွာမြို့ Jinhau Sports Center ၌ ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား သုံးယောက်တွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖိလစ်ပိုင်အသင်းက နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အမျိုးသမီးသုံးယောက် အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကိုရီးယားအသင်းက နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မွန်းလွဲ ၂နာရီတွင် အမျိုးသား သုံးယောက်တွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အောက်တိုဘာ ၆ ရက် ပွဲစဉ်များတွင် မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်းအားကစားနည်း အမျိုးသား သုံးယောက်တွဲ အုပ်စုပွဲစဉ်များအဖြစ် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အိန္ဒိယအသင်းနှင့်လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ အုပ်စုပွဲစဉ်အဖြစ် နံနက် ၁၀ နာရီတွင် ထိုင်းအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် နဂါးလှေလှော်(Dragon Boat) အားကစားနည်း အမျိုးသား မီတာ ၁၀၀၀ (၁၂)တက်လှော်ပြိုင်ပွဲနှင့် အမျိုးသမီး မီတာ ၁၀၀၀ (၁၂)တက်လှော်ပြိုင်ပွဲများတွင်လည်း ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❖ မန်စီးတီးအသင်းမှ**

လိုက်ပ်ဇစ်အသင်းကို အနိုင်ရခဲ့လို့ မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်အုပ်စုအဆင့် နှစ်ပွဲနိုင်၊ ရမှတ်ခြောက်မှတ်နဲ့ အုပ်စုထိပ်ဆုံးမှာ ရပ်တည်ခဲ့ပြီး လိုက်ပ်ဇစ်အသင်းက ရမှတ်သုံးမှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်မှာ နယူးကာဆယ်က လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ၂၀၀၃ ခုနှစ် မတ်လက ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် နှစ်ပေါင်း ၂၀ ကာလအတွင်းမှာ ချန်ပီယံလိဂ်အိမ်ကွင်းပထမဆုံးနိုင်ပွဲ ပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့လို့ မရဏအုပ်စုအဖြစ် သတ်မှတ်ခံထားရတဲ့ အုပ်စု(F)မှာ နှစ်ပွဲကစားပြီး ရမှတ် လေးမှတ်နဲ့ အုပ်စုထိပ်ဆုံးက ရပ်တည်နေတာ ဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာ လာဇီယိုက ဆဲလ်တစ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘာစီလိုနာက ပေါ်တိုကို တစ်ဂိုး-ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်က ဖိယင်နုကို သုံးဂိုး-နှစ်ဂိုး၊ ရှက်တာဒိုးနက်စ်က ရိုင်ရယ်အန်ဝက်ကို သုံးဂိုး-နှစ်ဂိုး အနိုင်ရခဲ့ပြီး ဒေါ့မွန်နဲ့ အေစီမီလန်ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ဘဲလ်ဂရိတ်နဲ့ ယန်းဘွိုင်းတို့ပွဲစဉ်မှာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

## အထက(သုဝဏ္ဏ)၌ သဘာဝဘေးအန္တရာယ် လျော့ပါးရေး အသိပညာပေး

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်သည့်ဂိမ်းကစားခြင်းများကို ယမန်နေ့ညနေပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးသီဟဇော်က သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာပေးသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး သဘာဝဘေးအန္တရာယ်လျော့ပါးရေး ဇာတ်တိုက်လေ့ကျင့်မှုများ အသိပညာပေးအစီအစဉ်အဖြစ် ဂိမ်းကိုးမျိုးတို့ဖြင့် ကစားခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ပါဝင်ကစားခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်မျိုး၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးမိုးသီဟဇော်၊ အထက(သုဝဏ္ဏ)မှ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးမြင့်စန်း၊ ဆရာ ဆရာမများ၊ စာသင်ကျောင်းမိဘဆရာအသင်းနာယက ဦးထိန်လင်းနှင့် Grade- 8 ကျောင်းသား ကျောင်းသူ ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **လှနွယ်လေး(သဃ်န်းကျွန်း)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၆-၁၀-၂၀၂၃ သောကြာနေ့**

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၀ 19th Asian Games Daily Highlights (8)
- ၀၉:၁၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၁:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း-၂၇)
- ၁၄:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွှင့်ပျံ့အမှန်း'** (အပိုင်း-၃၃)
- ၁၅:၁၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၁၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၁၅ ဒသမအကြိမ်မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ပုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ (အပိုင်း-၄)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း **'ဘဝေးရှုန်'**
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၁၀၃)နှစ်မြောက်မြန်မာ့ရုပ်ရှင်ဂုဏ်ပြုအစီအစဉ် "ရုပ်ရှင်ဇာတ်ဝင်တေးများ" ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**mitv**

- 07:01 Evergreen Classic: Zambudipar (Shwe Yee Win)
- 07:09 Artist Life: Designer May Myat Waso
- 07:31 Myanmar Traditional Bullock-Cart & Equestrian Racing
- 07:43 Home for the Beautiful Star Tortoises
- 08:01 News
- 08:26 Tour Around in Myeik Archipelago (Epi-1) Bailey and Smart Islands
- 08:42 Myanmar Big Circular Tray
